ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့၊ (31-3-2008) (၅၆၃၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စွယ်တော် ကတ္တရာလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး စက်မှု(၁) အထူးဈေးရောင်းပွဲတော်မှခ်ဦး ဖွင့်လှစ်ပေး အေးသာယာမြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲများ တက်ရောက်အားပေး

နေပြည်တော်   မတ်   ၃၀

တောင်ကြီးမြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲကို မတ် ၁၉ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း ဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများက အထူးဈေးရောင်း မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အထူးဈေးရောင်းပွဲတော် ဆိုင်ခန်းများတွင် ရောင်းချလျက်ရှိသော အရောင်းပြခန်းများသို့ လှည့်လည်ကြည့်ရှု အားပေးကြသည်။ ယင်းနောက် တိုင်းမှူးသည် အေးသာယာမြို့ အမှတ် (၃)ရပ်ကွက်၌ ကျင်းပသော (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ကြီးခရိုင် စည်ပင်သာယာရေးအဖွဲ့၏ အေးသာယာမြို့တွင်း စွယ်တော် ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ တောင်ကြီးခရိုင် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်က စွယ်တော် ကတ္တရာလမ်းသစ် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အမှတ် (၃)ရပ်ကွက် ဥက္ကဋ္ဌ ဦးသန်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုနှင့် ခရိုင်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖွင့်ပွဲအထိမ်းအမှတ် အလံများကို တိုင်းမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက စွယ်တော် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *

အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စုစနစ် (၁)

“ဖက်ဒရယ်မူဆိုတာ ဗမာပြည်နယ်ဖွဲ့စည်းရေး၊ လွှတ်တော်နှစ်ရပ်ကို အာဏာတူပေးရေး၊ အထက်လွှတ်တော်ကို တူညီတဲ့ ကိုယ်စားလှယ်စေလွှတ်ရေး၊ ဗဟိုအစိုးရကို အာဏာကန့်သတ်ပေးပြီး ပြည်နယ်တွေက ကြွင်းကျန်အာဏာအားလုံးကို ရယူရေးဆိုတဲ့ မူလေးချက်ကို အခြေခံထားပြီးတော့ လူနည်းစုက လူများစုကို ချုပ်ကိုင်နိုင်ဖို့ လုပ်လာတာပါ။ အချိန်မရွေး ပြည်ထောင်စုကြီးကို ပြိုကွဲစေနိုင်တဲ့ မျိုးစေ့ကို စိုက်ပျိုးတဲ့သဘောပါပဲ။”

စည်သူအောင်၏ **“အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စုစနစ် (၁)”** (ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၁-၃-၂၀၀၈
(တနင်္လာနေ့)

တီဘီရောဂါတိုက်ဖျက်ရေး ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်

တီဘီရောဂါသည် တီဘီရောဂါပိုးကြောင့်ဖြစ်ပွားသော ရောဂါဖြစ်သည်။ လူ၏အဆုတ်တွင် ဖြစ်ပွားမှုများသောကြောင့် အဆုတ်ရောဂါဟူ၍ လူသိများသည်။ တီဘီရောဂါဖြစ်ပွားသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းကို လိုက်၍ အရိုးတီဘီ၊ အဆစ်တီဘီ၊ အစာအိမ်လမ်းကြောင်းတီဘီ၊ လည်ပင်းအကျိတ်ရောင်တီဘီ၊ ဦးနှောက်အမြှေးရောင်တီဘီ စသည်ဖြင့် တွေ့ရှိရတတ်သည်။

ကမ္ဘာပေါ်တွင် တီဘီရောဂါ နှစ်စဉ်လူဦးရေ ကိုးသန်းခန့် ဖြစ်ပွားလျက်ရှိသဖြင့် တီဘီရောဂါတိုက်ဖျက်ရေးကို အလေးထား ဆောင်ရွက်နေကြသည်။ တီဘီရောဂါပိုးကို မတ်လ ၂၄ ရက်နေ့တွင် စတင်တွေ့ရှိခဲ့သူ ရောဘတ်ကို့ချ်ကို ဂုဏ်ပြုသည့်အနေဖြင့် ထိုနေ့ကို ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်၍ နိုင်ငံအသီးသီးတွင် အခမ်းအနားများ ကျင်းပကြသည်။

မြန်မာနိုင်ငံတွင် အမျိုးသားတီဘီတိုက်ဖျက်ရေး စီမံကိန်းအရ ဝေဒနာ ရှင်များအား စောစီးစွာ ရှာဖွေဖော်ထုတ်ပြီး အစွမ်းထက်သော ဆေးဝါး များဖြင့် အခမဲ့ကုသပေးနေသည်။ ထို့အပြင်လိုအပ်သော နည်းပညာ ပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုများပံ့ပိုးပေးပြီး မြို့နယ်တိုင်းတွင် အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အသင်းအဖွဲ့များ ပူးပေါင်း၍ တီဘီ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် လျက်ရှိသည်။

တီဘီရောဂါဝေဒနာရှင်အများစုသည် မိမိတို့တွင် တီဘီရောဂါရှိနေမှန်း မသိရှိကြခြင်းနှင့် သိရှိကြသော်လည်း ရောဂါပျောက်ကင်းသည်အထိ အပြည့်အဝကုသမှုမခံယူခြင်း၊ တီဘီဆေးဝါးများကို ညွှန်ကြားချက်အတိုင်း မသောက်မှုကြောင့် ဆေးယဉ်ပါးသော ရောဂါသည်များ တိုးပွားလာခြင်းတို့ကို တွေ့ရှိနေရသည်။

တီဘီရောဂါကိုကုသရာတွင် ရောဂါအနုဆုံးသည်ပင် အနည်းဆုံး ခြောက်လခန့်ကြာတတ်သဖြင့် ရက်ပျက်မရှိ အချိန်မှန် ဆေးသောက်ကြရသည်။ တစ်လ နှစ်လခန့်သောက်ပြီး ဆေးရပ်လိုက်ခြင်းဖြင့် ရောဂါပြန်ဖြစ်ပါက မူလသောက်သုံးသော တီဘီဆေးဖြင့် မတိုးတော့ဘဲ ဆေးယဉ်ပါးလာကာ ရောဂါကုသရာ၌ အခက်အခဲရှိလာတတ်သည်။

ပြည်သူများအနေဖြင့် ရက်သတ္တသုံးပတ်ကျော် ချောင်းဆိုးနေခြင်း၊ သလိပ်တွင်သွေးပါခြင်း၊ တငွေ့ငွေ့အဖျားတာရှည်နေခြင်းနှင့် တဖြည်းဖြည်း ပိန်ချုံးလာခြင်းတို့ဖြစ်ပေါ်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်ပြသစစ်ဆေးမှု ခံယူကြရမည်ဖြစ်သည်။ တီဘီရောဂါသည် ရောဂါပိုးရှိသူတစ်ဦးထံမှ အခြားတစ်ဦးသို့ လွယ်ကူစွာ ကူးစက်နိုင်သဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပြည်သူများအားလုံးက တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးအသိရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ။

လှူဒါန်း

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ(ရွှေသိင်္ဂီရတနာစေတီ ဓမ္မာရုံ၊ အမှတ် ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်းနေ ဒေါ်တင်ညွန့် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးဘသန်း လက်ခံယူစဉ်။ (က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မဒန်းရေလှောင်တမံစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် မတ် ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော် လယ်ဝေးမြို့နယ် နန္ဒင်းကျင်းကျေးရွာအနီးရှိ မဒန်းချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် မဒန်းရေလှောင်တမံစီမံကိန်းသို့ သွားရောက်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)၊ အကြံပေး ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ပင်မတမံရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်၊ ရေပိုလွှဲတည်ဆောက်နေသော လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်နေသည့် ရေလွှဲဆည်တည်ဆောက်မည့် လုပ်ငန်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စိုက်ပျိုးရေအတွက်သာမက ရေအား လျှပ်စစ် ၂၅ ကီလိုဝပ်ရရှိပြီး ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စီမံကိန်း အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ရပ်မိ ရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ပင်မတမံ ရေပိုလွှဲနှင့် ရေထုတ်ပြွန်တို့အား စက်ယန္တရားများဖြင့် တည်ဆောက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရှိရသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး နေပြည်တော်လယ်ဝေးမြို့နယ်ရှိ မဒန်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဓမ္မသာကစ္ဆာအဖွဲ့ချုပ် သြဝါဒါစရိယ ပူဇော်ပွဲနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပမည်

ရန်ကုန် မတ် ၃၀

ရွှေတိဂုံစေတီတော် (စနေထောင့်) ရွှေတောင် ငွေတောင် တန်ဆောင်း နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာ အဖွဲ့ချုပ် သြဝါဒါစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ အောင်မြေဘုံစံ ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော သြဝါဒါစရိယ ဆရာတော် ခုနစ်ပါးတို့အား (၃၃)ကြိမ်မြောက် ပူဇော်ပွဲကျင်းပ၍ သြဝါဒခံယူခြင်း၊ (၂၅)ကြိမ်မြောက် အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်နှင့် ဂုဏ်ထူးဆောင် အဘိဓမ္မာ စာမေးပွဲ၏ ငွေရတု စာအောင်ဆုနှင်းသဘင်၊ အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲနှင့် အဖွဲ့ချုပ်၏ နှစ်ပတ်လည် အစည်းအဝေးတို့ကိုရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော် (၁၅)ရပ်ကွက် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီး၌ မေ ၁၁ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ စတင်၍ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကင်းမြို့နယ် အမက(၁၀) ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်ပညာရည်ချွန်ဆုပေးပွဲကို မတ် ၁ ရက်က ကျင်းပရာ မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးဖေသိန်းက ငွေပဒေသာပင် ငွေကျပ် ငါးသိန်း စိုက်ထူပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းဝင်းအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်။ (က-ပ)

ဘုန်းတော်ကြီးသင်ပညာရေး မွမ်းမံသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း သာကေတမြို့နယ် နတ်မောက် ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း၏ ပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုသလ ဆရာတော် ကြီးကြပ်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အလယ်တန်း၊ မူလတန်းသင်ဆရာ၊ ဆရာမများအတွက်သင်ကြားရေး မွမ်းမံသင်တန်းဖွင့်ပွဲကို မတ် ၃၁ ရက် (တနင်္လာနေ့) နံနက်၁၀ နာရီ၌ နတ်မောက်ကျောင်း ယုဇနဗိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ သင်တန်းသို့ ဆရာ၊ ဆရာမ ၁၀၀ ကျော်တက်ရောက်ကြပြီး သင်တန်းကို ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ (က-ပ)

လယ်တီဝိပဿနာ သကြ်န်အထူးတရားစခန်းများ

ရန်ကုန် မတ် ၃၀

နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ လယ်တီဝိပဿနာကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရစာသင်တိုက် ပဓာနနာယကဆရာတော် လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ်၏ ကြီးကြပ်မှုဖြင့် နာဂလိုဏ်ဂူဘုရား ကုန်းမြေ ကလေးဝတောရကျောင်းတိုက်၌ ဧပြီ ၁၃ ရက်မှ ၂၀ ရက်အထိ ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်သည်။ တရားစခန်းများမှာ ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့ စမ်းချောင်း လယ်တီမူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ အင်းစိန် ထန်းတပင်ဘုန်းကြီးကျောင်း၊ မြင်သာမြို့ဦးကျောင်း၊ ဂွတ္တလစ်လွတ်လပ်ရေးကျောင်း၊ မ/ဒဂုံ မင်္ဂလာရာမ ၃၅/ညီမူရာဓမ္မာရုံ၊ ဗဟန်း ၁ လမ်း သာရဝေါသီလရှင် စာသင်တိုက်၊ တွံတေးဝိဇ္ဇာညီနောင် လယ်တီတရားစခန်း၊ ဘိုကလေးကျော်ဇံကျောင်း၊ ကျုံပျော်ညောင်ပင်ကွင်း၊ လှည်းကူး ရွှေကြာရုံစေတီ၊ ပဲခူး မဟာကြီးစေတီ၊ ရွှေဂူလေးစေတီ၊ တိုက်ကြီး၊ ပြည်သဒ္ဓမ္မဇောတိကာရုံ၊ မော်လမြိုင် ပညာရာမကျောင်း၊ မိုးဗြဲ စည်ကာ(၂)၊ သရက် ကျိုက်ဒေးယျုံ၊ နေပြည်တော် ပျဉ်းမနား မဟာလယ်တီတိုက်၊ ရမည်းသင်း ရွှေမင်းဝံ၊ ပျော်ဘွယ် ရှားတောကျောင်း၊ မုံရွာမြို့ သုဓမ္မစာရီဗိမာန် ရွှေတောင်ဦးစေတီ၊ လက်ပန်းတောင်းတောင်၊ ဆားလင်းကြီး ညောင်ပင်အိုင်တောရ၊ မြင်းမူ လည်ပင်းကျေးရွာ၊ ကလေးမြို့ ချင်းဆိုင်၊ မင်းကင်းပွင့်လျက်ရွာ၊ တမူးအောင်နိမိတ်ကုန်း၊ ကနီမြို့နယ် ကုန်းသာရွာကျောင်းတို့၌ တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ရာ ယောဂီများနှင့် စေတနာရှင်များ နီးစပ်ရာ တရားစခန်းများနှင့် ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

* ရှေ့ဖုံးမှ

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၉၆၀၊ အကျယ် ၁၂ ပေ ရှိပြီး ခန့်မှန်းကုန်ကျငွေ ကျပ် ၆၇၁ဒသမ၆ သိန်းဖြစ်ကြောင်း သိရှိရသည်။

ဖြတ်သန်းကြည့်ရှု

အလားတူ တိုင်းမှူးသည် တောင်ကြီးမြို့ ဆည်လဲကျေးရွာ၌ ကျင်းပသည့် ဆည်လဲ-ဖက်ပုန်း ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ပြည်နယ်တပ်ဖွဲ့မှူးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ဆည်လဲ-ဖက်ပုန်း ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါလမ်းသစ်သည် အရှည် ၁ မိုင် ၄ ဖာလုံရှိပြီး တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ် ၂၁၇ သိန်းဖြင့် ဖောက်လုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ငြိမ်းအေးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် မတ် ၃၀

ဧရာဝတီတိုင်း ဇလွန်မြို့နယ် ပျဉ်းမကုန်းအနောက် ညောင်ကုန်းကျေးရွာ ကျက်သရေဆောင် ဖြစ်တော်မူသော ရှေးဟောင်းသမိုင်းဝင် နောင်တော်ကြီး နောင်တော်လေး မဟာရန်ပြေမာန်ပြေ ရန်ငြိမ်းအေး ဆုတောင်းပြည့်စေတီတော် မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်၊ ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို တပေါင်းလပြည့်ကျော် ၁၀ ရက် (မတ် ၃၀ ရက်)မှစ၍ ဧပြီ ၂ ရက်အထိ ပဓာနနာယက မဟာထေရ် ဆရာတော်ကြီးများ၏ ဩဝါဒခံယူကာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သီရိရတနာမြေ သာသနာပြုစခန်း နယ်လှည့်သာသနာပြု အောင်မိဌာန် ဦးသူတော်ကြီးမှူး၍ ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော် မန္တလေးမြို့ပေါ်၌ ပထမပြန်စာမေးပွဲ ဖြေဆိုနေမှုကြည့်ရှု

နေပြည်တော် မတ် ၃၀

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သည် မတ် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမပြန်စာမေးပွဲ စာဖြေဌာနသို့ သွားရောက်ပြီး ပထမပြန် ကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သံဃာတော်များ စာဖြေဆိုနေမှုကို ကြည့်ရှုသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် အောင်မြေသာစံမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမကြီးတန်း ပထမပြန် စာဖြေဌာနသို့ သွားရောက်ပြီး ကြီးကြပ်ရေးဆရာတော်များအား ဖူးမြော်ကြည်ညို၍ သံဃာတော်များ စာဖြေဆိုနေမှုကို ကြည့်ရှုသည်။

ကြည်ညို

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် အောင်မြေသာစံမြို့နယ် အမှတ် (၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပလျက်ရှိသော ပထမလတ်တန်း ပထမပြန်စာဖြေဌာနသို့ သွားရောက်ပြီး စာမေးပွဲကြီးကြပ်ရေး ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သံဃာတော်များ စာမေးပွဲဖြေဆိုနေမှုကို ကြည်ညိုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကောင်းမှုပြုက ဝမ်းမြောက်ဝမ်းသာဖြစ်ရ၏

ကောင်းမှုပြုသောသူသည် ဤဘဝတွင်လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်၊ တမလွန်နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုခဲ့ပြီးသော ကောင်းမှုကုသိုလ်ကံများကို အဖန်တလဲလဲ တွေးမြင်ထင်ဟပ်၍ ထာဝရဝမ်းမြောက်ဝမ်းသာ ချမ်းသာသုခရပေမည်။

(ဓမ္မပဒ ၁၆)

လူနာအသက်ကယ် အထောက်အကူပြု ကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

မန္တလေး မတ် ၃၀

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး နှလုံးအထူးကု ကြပ်မတ်ဆောင်သို့ လူနာအသက်ကယ် အထောက်အကူပြု ကိရိယာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၈ နံနက် ၁၀ နာရီက ဆေးရုံအုပ်ကြီးရုံးခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ နှလုံးနှင့် အထွေထွေ ရောဂါအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာထွန်းရွှေနှင့် ဒေါက်တာ ဒေါ်သန်းသန်းကြိုင်၊ ဒေါက်တာ ကျော်စိုးဝင်း၊ အလှူရှင် မုံရွာမြို့ ဂေါမုတ္တဆေးတိုက်ပိုင်ရှင် ဒေါ်ထွေး၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ညိုညိုမိသားစုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်၏သားဖြစ်သူ ကိုချမ်းငြိမ်းက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင် ဂေါမုတ္တ ဆေးတိုက်ပိုင်ရှင် ဒေါ်ထွေး၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ညိုညိုမိသားစုတို့က နှလုံးအထူးကု ကြပ်မတ်ဆောင်အတွက် ငွေကျပ် သိန်းနှစ်ဆယ်တန်ဖိုးရှိ အသက်ကယ် အထောက်အကူပြုကိရိယာ ပစ္စည်းများ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းက လက်ခံယူပြီး**(အပေါ်ပုံ)** အလှူရှင်အား ဂုဏ်ပြုလွှာပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၃-၂၀၀၈
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၄၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
- ၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၅၀)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သွေးသစ္စာအား (အပိုင်း-၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

လှိုင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၈)ဖွင့်လှစ်

ရန်ကုန် မတ် ၃၀

ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၂၈) ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၉နာရီက မြို့နယ် အသင်းရုံးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တိုင်းတွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ တိုင်းအလုပ်အမှုဆောင် ဦးမင်းသိန်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးငွေစန်း၊ လူမှုရေး အသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊အလှူရှင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြောင်း သတင်းရရှိသည်။ (၅၄၃)

ဝင်းသူဇာအရောင်းဆိုင် (အောင်လံ) ဖွင့်လှစ်

ရန်ကုန် မတ် ၃၀

(၆၃)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းမှ ဝင်းသူဇာအရောင်းဆိုင် (အောင်လံ) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက် နံနက် ၈ နာရီတွင် အောင်လံမြို့ တရော်ကုန်းရပ်ကွက် ပြည်လမ်းမပေါ်ရှိ ဝင်းသူဇာအရောင်းဆိုင်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ဘိလပ်မြေစက်ရုံ ဒုတိယစက်ရုံမှူး ဦးလှမြိုင်က အရောင်းဆိုင် ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် သရက်ဘိလပ်မြေစက်ရုံ (စက်ရုံမှူး) ဦးအောင်သိန်းမြင့်တို့က အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကာ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အရောင်းဆိုင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှု ဝယ်ယူအားပေးကြကြောင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်ရုံများမှ ထုတ်လုပ်သည့်ပစ္စည်းအမျိုးပေါင်း ၃၀၀ ကျော်ကို လွတ်လပ်စွာ ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဥတုရာသီ
တောကို
မှီ၏

အစ္စရေးက ဆီးရီးယားနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဆန္ဒရှိနေ

ဂျေရုဆလင် မတ် ၂၉

အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ရန် ကြိုးစားလျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးစာချုပ်၏ တန်ဖိုးသည် သိမ်းပိုက်ထားသော ဂိုလန်ကုန်းပြင်မြင့်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးတစ်ဦးက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အစ္စရေးဝန်ကြီးချုပ် အီဟွတ်အိုးမတ်က အစ္စရေးနိုင်ငံသည် အိမ်နီးနားချင်း အာရပ်နိုင်ငံနှင့် ငြိမ်းချမ်းစွာနေလိုသော ဆန္ဒရှိကြောင်း ယခုအပတ်အတွင်း ထပ်မံအတည်ပြုပြောကြားပြီးနောက် လမ်းတံတားဝန်ကြီး ဘီညာမင်ဘင်အလီဇာ၏ သဘောထားမှတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆွေးနွေးရေးစားပွဲဆီသို့ ဆီးရီးယားနိုင်ငံ ပြန်လာရန် ဘက်စုံ ကြိုးပမ်းလျက်ရှိကြောင်း၊ ဆွေးနွေးရေးစားပွဲ သည် သဘောတူညီချက်ကို လက်မှတ်ထိုးရမည့်နေရာ ဖြစ်သည်ကို သိရှိကြောင်း၊ သဘောတူညီချက်အတွက် ပေးရမည့်တန်ဖိုးကိုလည်း သိရှိကြောင်း ဝန်ကြီးဘင်အလီဇာကပြောကြားသည်။

အစ္စရေးနိုင်ငံသည် ဂိုလန်ကုန်းမြင့်ဒေသကို ၁၉၆၇ ခုနှစ်စစ်ပွဲတွင် ဆီးရီးယားထံမှသိမ်းခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ၎င်း၏ပိုင်နက်အဖြစ် သိမ်းသွင်းခဲ့သော်လည်း နိုင်ငံတကာက အသိအမှတ်ပြုခြင်း မရှိပေ။

၂၀၀၀ ပြည့်နှစ်က အစ္စရေးနှင့်ဆီးရီးယား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပခဲ့သော်လည်း ဂိုလန်ကုန်းမြင့်မှ အစ္စရေးတပ်များဆုတ်ခွာရေး အချိန်ကာလသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ သဘောထားကွဲပြီး ရပ်ဆိုင်းသွားခဲ့သည်။

၎င်းနှစ်နိုင်ငံဆွေးနွေးပွဲပြန်စရန် ကြိုးပမ်းမှုအဖြစ် ယခုနှစ်အတွင်း အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးညီလာခံကို အိမ်ရှင်အဖြစ် လက်ခံမည်ဖြစ်ကြောင်း ရုရှားနိုင်ငံက ကမ်းလှမ်းခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ဂိုလန်ကုန်းမြင့်ဒေသ၌ တိုက်ပွဲဝင် တင့်ကားများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များကို မတ် ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဗြိတိသျှတပ်ဖွဲ့ ဘာဆာရာတွင် တပ်စွဲရန် ငြင်းဆို

လန်ဒန် မတ် ၂၉

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် သောကြာနေ့က လမ်းမပေါ်၌ တိုက်ပွဲများ ပြင်းထန်နေပြီး အီရတ်အစိုးရတပ်ဖွဲ့များသည် စစ်သွေးကြွတို့ကို နိုင်နင်းစွာကိုင်တွယ် နိုင်ခြင်းမရှိသည့် လက္ခဏာများ တွေ့ရပြီး ဗြိတိန်က ၎င်း၏စစ်သားများကို ဘာဆာရာတွင် ချထားရန် ငြင်းဆိုလိုက်သည်။

အီရတ်အစိုးရတပ်များအား ဘာဆာရာမြို့ကို ထိန်းချုပ်နိုင်ရန် ကူညီသည့်အနေဖြင့် အမေရိကန် စစ်လေယာဉ်များက သူပုန်နယ်မြေများအပေါ် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ပေးသည်။ သို့သော် မိုင်အနည်းငယ်သာ ကွာဝေးသော လေဆိပ်တွင် လက်နက် အပြည့်အစုံ တပ်ဆင်ထားသော အင်အား ၄၁၀၀ ရှိသည့် ဗြိတိသျှ တပ်ဖွဲ့သည် ဝင်ရောက်တိုက်ခိုက်ခြင်း မပြုပေ။

ဘာဆာရာမြို့ လုံခြုံရေးကို အီရတ်အစိုးရတပ်များက တာဝန်လွှဲပြောင်းယူပြီးကတည်းက အီရတ်အစိုးရတပ် ဦးဆောင် သည့် စစ်ဆင်ရေးတစ်ရပ်ဖြစ်ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗြိတိသျှတပ်ဖွဲ့သည် စိတ်ဓာတ်ရေးရာအရ အီရတ်တပ်ဖွဲ့ကို ထောက်ခံမှုပေးထားပြီး ဒဏ်ရာရသူများကို ၎င်း၏ အခြေစိုက်စခန်းတွင် ပြုစုကုသပေးလျက်ရှိကြောင်း ဝန်ကြီးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ပူးတွဲထုတ်လုပ်သည့် ဂျက်တိုက်လေယာဉ်များ ၂၀၁၀ ပြည့်နှစ်၌ တူရကီလေတပ်တွင် သုံးမည်

အန်ကာရာ မတ် ၂၉

တူရကီကာကွယ်ရေးဝန်ကြီး ဗစ်ဒီရီ ချုံးက တူရကီလေတပ်မတော်တွင် ပူးတွဲတိုက်ဂျက်လေယာဉ် (ဂျေအက်စ်အက်ဖ်)များကို ၂၀၁၀ ပြည့်နှစ်တွင် အသုံးပြုတော့မည် ဖြစ်ကြောင်း ကြာသပတေးနေ့က ကြေညာလိုက်သည်။

တူရကီလေတပ်၏ အက်ဖ်–၄ နှင့် အက်ဖ်–၁၆ ဂျက်တိုက်လေယာဉ်များသည် ၂၀၁၀ ပြည့်နှစ်တွင် သက်တမ်းကုန်ဆုံးမှာဖြစ်ကြောင်း၊ ဒေသတွင်း အင်အားချိန်ခွင်လျှာ ထိန်းညှိနိုင်ရေးအတွက် ၂၀၁၀ ပြည့်နှစ်မတိုင်မီ တိုက်လေယာဉ်မျိုးဆက်သစ်တို့ဖြင့် အစားထိုးမှာဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

အမေရိကန်ဒေါ်လာ ဘီလီယံ ၂၅၀ တန်ဖိုးရှိသော ဂျေအက်စ်အက်ဖ် စီမံကိန်းသည် တူရကီကာကွယ်ရေး စစ်လက်နက်လုပ်ငန်းတွင် အကြီးဆုံးဖြစ်ကြောင်း ပါလီမန်နိုင်ငံခြားရေးရာ ကော်မတီ ဆွေးနွေးပွဲမှာ ၎င်းဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းကော်မတီက ဂျေအက်စ်အက်ဖ် ဂျက်တိုက်လေယာဉ် ထုတ်လုပ်ရေးနှင့် သုတေသနလုပ်ငန်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်မူကြမ်းကို ဆွေးနွေးရန် အစည်းအဝေး ကျင်းပခြင်းဖြစ်သည်။ အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုတို့ ဦးဆောင်၍ အီတလီ၊ နယ်သာလန်၊ ဒိန်းမတ်၊ နော်ဝေ၊ ကနေဒါနှင့် ဩစတြေးလျတို့ ပါဝင်သော အဆိုပါ ဂျေအက်စ်အက်ဖ် စီမံကိန်းတွင် ပါဝင်ရန် တူရကီနိုင်ငံသည် ၁၉၉၉ ခုနှစ်က စတင် ဆောင်ရွက်ခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

အမေရိကန်နိုင်ငံ အနောက်ပိုင်းဒေသ ပိုမိုပူနွေးလာမည်

လော့စ်အိန်ဂျလိစ် မတ် ၂၉

အမေရိကန်နိုင်ငံ အနောက်ပိုင်းသည် ကမ္ဘာ့အခြားဒေသများထက် နှစ်ဆ ပိုမိုပူနိုင်ကြောင်းနှင့် အချို့မြို့များတွင် မိုးခေါင်မှုနှင့် ပိုမိုကြုံတွေ့ရဖွယ်ရှိကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က မတ် ၂၇ ရက်တွင် ပြောကြားသည်။

အမေရိကန်အနောက်ပိုင်း ပြည်နယ် ၁၁ ခုသည် ၂၀၀၃ ခုနှစ်မှ ၂၀၀၇ခုနှစ်အတွင်း ၂၀ ရာစု သမိုင်းဝင် ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၇ ဒီဂရီဖာရင်ဟိုက် (၀ ဒသမ ၉၄ ဒီဂရီစင်တီဂရိတ်) ပိုမိုပူပြင်းကြောင်း အမျိုးသား အရင်းအမြစ်ကာကွယ်ရေးကောင်စီ (အင်န်အာရ်ဒီစီ)၏ လေ့လာချက်မှတ်တမ်းတွင် ဖော်ပြထားသည်။

အလားတူကာလတွင် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၁ ဒသမ ၀ ဒီဂရီ ဖာရင်ဟိုက် ၀ ဒသမ ၅၅ ဒီဂရီ ဆဲလ်ဆီးယပ် တိုးလာခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

အီရတ်တပ်ဖွဲ့များနှင့် ရှီးယိုက် တိုက်ခိုက်ရေးသမားများအကြား မတ် ၂၈ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် မီးလောင်ပျက်စီးသွားသည့် အီရတ်တင့်ကားတစ်စီးကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပါကစ္စတန်အနောက်မြောက်ဘက်၌ ရှီးယိုက်နှင့်ဆွန်နီလူမျိုးစုများ တိုက်ခိုက်မှု ဖြစ်ပွား

ကိုဟတ်(ပါကစ္စတန်) မတ် ၂၉

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက်ရှိ လူမျိုးစုဒေသတွင် မတ် ၂၈ ရက်က ရှီးယိုက်နှင့်ဆွန်နီလူမျိုးစုအကြား အကြမ်းဖက်မှု အရှိန်မြင့်လာရာ ပစ်ခတ်မှုကြောင့် အနည်းဆုံး ၂၂ ဦး သေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ဖရွန်တီရာပြည်နယ် အနောက် မြောက်ဘက် ကိုဟတ်ခရိုင်ရှိ ကျေးရွာသုံးရွာတွင် ညလုံးပေါက် ပြင်းထန်စွာ တိုက်ခိုက်ကြသည်။

လူမျိုးစုများသည် စက်သေနတ်များ၊ စိန်ပြောင်းများနှင့် ဒုံးကျည်များ ကိုင်ဆောင်ပြီး အရပ်သားအဖွဲ့အစည်းများက စစ်တပ်ကို ကူညီရန် ပြောကြားခဲ့သည်။ မက်တီနှင့်ကာချီလူမျိုးစုများအကြား အချင်းဖြစ်ပွားပြီးနောက် လွန်ခဲ့သည့် သီတင်းပတ်မှစတင်ပြီး ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပွားရာ စုစုပေါင်း ၅၀ ကျော် သေဆုံးခဲ့ရသည်။

ကိုဟတ်ခရိုင်အနီးရှိ ကူရမ်လူမျိုးစုဒေသတွင် လူနာတင်ယာဉ်အား မတ် ၂၇ ရက်က စစ်သွေးကြွများဟု ထင်ရသူများက တိုက်ခိုက်သဖြင့် လူခြောက်ဦး ထက်မနည်း သေဆုံးခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ။**

ပီရူး၌ မူးယစ်ဆေးဝါးမှောင်ခိုသူပုန် ငါးဦးဖမ်းမိ

လီမာ မတ် ၂၉

ပီရူးရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်လျက်ရှိသော သူပုန်များဟု သံသယရှိသူ ငါးဦးကို ကြာသပတေးနေ့က ဖမ်းမိကြောင်း ပြောကြားသည်။ ရဲအရာရှိတစ်ဦးသေဆုံး၍ ရဲအရာရှိအချို့ ဒဏ်ရာရရှိခဲ့သော ချုံခိုတိုက်ခိုက်မှု ဖြစ်ပွားပြီး မကြာမီရက်အတွင်း ထိုသို့ဖမ်းဆီးမိခြင်းဖြစ်သည်။

ရဲအရာရှိများသည် အရာကူချိုတွင် လွန်ခဲ့သည့်တနင်္ဂနွေနေ့က ကင်းလှည့်နေစဉ် ချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်သည်။ ယခုသူပုန်များကိုလည်း အရာကူချို၏ မြောက်ဘက် ဟွာနူကိုတွင် ဗုဒ္ဓဟူးနေ့နှောင်းပိုင်းက ဖမ်းမိခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့က အဆိုပါသူပုန်ငါးဦးသည် ချုံခိုတိုက်ခိုက်ခြင်းနှင့် ဆက်စပ်မှုရှိ၊ မရှိကိုမူ မပြောပေ။ သို့သော် ၎င်းတို့သည် ရှိုင်းနင်းပတ်အဖွဲ့မှ ဖြစ်ပြီး ကိုကင်းဓာတ်ခွဲခန်းများကို ကာကွယ်နေကြသူများဖြစ်ကြောင်း ပြောကြားသည်။

ရဲတပ်ဖွဲ့၏ ကြိုးပမ်းထောက်လှမ်းမှုကြောင့် အကြမ်းဖက်အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်နှင့် နောက်လိုက်လေးဦးကို ဖမ်းဆီးနိုင်ခြင်း ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး လူးဝစ်အယ်ဗာဗောက်(စ်)ထရိုက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ဗင်နီဇွဲလားနိုင်ငံ အဲလာဇာမြို့တွင် မူးယစ်ဆေးဝါးမှောင်ခိုများအသုံးပြုသည့် တရားမဝင် လေယာဉ်ကွင်းများကို ဖျက်ဆီးရန် တပ်ဖွဲ့ဝင်များ လက်တွေ့ လေ့ကျင့်နေသည်ကို မတ် ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အကြမ်းဖက်မှုတိုက်ဖျက်ရေးသည် အဓိကဖြစ်ကြောင်း ပါကစ္စတန် ဝန်ကြီးချုပ်သစ် ပြောကြား

အစ္စလာမ္မာဘတ် မတ် ၃၀

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာမာဂီလာနီသည်အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့် အလုပ်လက်မဲ့တိုက်ဖျက်ရေးတို့သည် ထိပ်တန်းဦးစားပေး အစီအစဉ်များဖြစ်ကြောင်း ၎င်း၏အစိုးရအဖွဲ့ ပထမရက် ၁၀၀အတွင်း ဆောင်ရွက်မည့်မူဝါဒကို စနေနေ့က ချပြလိုက်သည်။

လုပ်ကြံခံရသော ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတို၏ ပါတီထိပ်တန်းခေါင်းဆောင်ဂီလာနီသည် ပါလီမန်၏ တညီတညွတ်တည်း ထောက်ခံအတည်ပြုမှုကို စနေနေ့ နံနက်ပိုင်းက ရရှိသည်။

အခြေခံဥပဒေအရ ဝန်ကြီးချုပ်သစ်သည် အောက်လွှတ်တော်၏ ထောက်ခံမှု ရရှိရန်လိုအပ်သည်။

လွှတ်တော်ဥက္ကဋ္ဌက ဂီလာနီသည် အားလုံး၏ထောက်ခံမှုကိုရရှိကြောင်း ကြေညာပြီးနောက် ၎င်း၏ညွန့်ပေါင်းအစိုးရအဖွဲ့ စီမံကိန်းများကိုရှင်းပြသည်။

အကြမ်းဖက်ခြင်း၊ အစွန်းရောက်ခြင်းများသည် တိုင်းပြည်၏အကြီးမားဆုံး ပြဿနာများဖြစ်ကြောင်း၊ ၎င်းတို့သည် တိုင်းပြည်ကို အန္တရာယ်ချောက်ထဲသို့ တွန်းပို့ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးရရှိရေးသည် အဓိကလုပ်ဆောင်ရမည့် အချက်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများကို တိုက်ခိုက်ရမည်ဖြစ်ကြောင်း ဂီလာနီက ပြောသည်။

အစိုးရအနေဖြင့် လက်နက်ချ စစ်သွေးကြွများနှင့် ဆွေးနွေးရန် ဆန္ဒရှိကြောင်း ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

စိန်ပြောင်းပုံးသီးများဖြင့် တိုက်ခိုက်မှုကြောင့် အီရတ်ဒုတိယသမ္မတ၏အစောင့်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မတ် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် မတ် ၂၈ရက်က စိန်ပြောင်းဗုံးသီးများဖြင့် ပစ်ခတ်မှုကြောင့် အီရတ်နိုင်ငံ ဒုတိယသမ္မတ တာရစ်အယ်လ်ဟက်ရှ်မီး၏ အစောင့်နှစ်ဦး သေဆုံးကြောင်း ပြည်တွင်းရုပ်သံက ထုတ်လွှင့်ခဲ့သည်။

စိန်ပြောင်းဗုံးသီးသည် အစိမ်းရောင်နယ်မြေရှိ ဒုတိယသမ္မတရုံးအနီးကျရောက်မှုကြောင့် ၎င်း၏အစောင့်နှစ်ဦးသေဆုံးပြီး အရပ်သားလေးဦးဒဏ်ရာရရှိကြောင်း ဒုတိယသမ္မတက ရုပ်သံဌာနသို့ ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ နယ်မြေသို့မဟုတ် အစိမ်းရောင်ဇုန်နယ်မြေတွင် အီရတ်အစိုးရအဖွဲ့ရုံးများ၊ အမေရိကန်နှင့် ဗြိတိန်သံရုံးများ တည်ရှိသည်။

လွန်ခဲ့သည့် လေးရက်က လုံခြုံရေးတပ်ဖွဲ့များနှင့် ရှီးယိုက်စစ်သွေးကြွများ အကြားတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် စစ်သွေးကြွများက စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရားမဝင်သွားရောက်သူ ဆိုမာလီနိုင်ငံသား ၇၅ ဦး ယီမင်၌ ရေနစ်သေဆုံး

ဆာနာ မတ် ၃၀

ဆိုမာလီနိုင်ငံမှ အာရပ်နိုင်ငံသို့ ဖြတ်ရန်ကြိုးပမ်းစဉ် ယီမင်နိုင်ငံ ပင်လယ်ကမ်းခြေ၌ ဆိုမာလီနိုင်ငံသား အနည်းဆုံး ၇၅ ဦး ရေနစ်သေဆုံးကြောင်း ယီမင်နိုင်ငံ တာဝန်ရှိသူက ပြောကြားသည်။

မတ် ၂၇ ရက်က တရားမဝင် လူ ၂၅၀ ကျော် သယ်ဆောင်လာသော သင်္ဘော၏ ကပ္ပတိန်ရေယာဉ်မှူးသည် ၎င်းတို့အား သင်္ဘောမှဆင်းခိုင်းပြီး ကမ်းပေါ်သို့ ရေကူးပြီးသွားရန် အတင်းအဓမ္မပြုလုပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အသက်ရှင်ကျန်ရစ်သူ ၁၈၀ ခန့်ဖြစ်ကြောင်း အဗရန်ပြည်နယ်တောင်ပိုင်းမှ တာဝန်ရှိသူက ရိုက်တာသို့ ပြောကြားသည်။

အာဖရိကနိုင်ငံသား အများအပြားသည် ယီမင်နိုင်ငံသို့ တရားမဝင်သွားရောက်ရန် ကြိုးပမ်းလျက်ရှိပြီး အနောက်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ တရားမဝင်သွားရောက်ရန် ကြိုးပမ်းရာ၌ ယီမင်နိုင်ငံသည် အဓိကထွက်ပေါက်တစ်ခုဖြစ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပေကျင်း အိုလံပစ်မီးရှူးတိုင် သယ်ဆောင်မည့်လေယာဉ်နှင့် လေယာဉ်အမှုထမ်းများအား မတ် ၂၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပင်ဆယ်ဗေးနီးယားတွင် ဟီလာရီက အိုဘားမားထက် ထောက်ခံမှုပိုရနိုင်

နယူးယောက် မတ် ၃၀

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် အထက်လွှတ်တော်အမတ် ဘော့ကာဆေးက သမ္မတရွေးချယ်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ဘာရက်အိုဘားမားကို ထောက်ခံကြောင်း မတ် ၂၈ ရက်က ပြောကြားလိုက်သည်။

ပင်ဆယ်ဗေးနီးယားတွင် အိုဘားမားထက် ထောက်ခံမှုပိုရဖွယ်ရှိသည့် ဟီလာရီသည် ချောကလက်မြေပဲနှင့် ပြုလုပ်ထားသော မုန့်ကို နယူးအယ်လ်ဘာနီတွင် မတ် ၂၉ရက်က လက်ခံရယူစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိုဘားမားနှင့် ဟီလာရီကလင်တန်တို့သည် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် အရွေးခံရရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်စည်းရုံးလျက်ရှိသည်။

ဘော့ကာဆေးသည် ပင်ဆယ်ဗေးနီးယားပြည်နယ်အတွင်း အိုဘားမား၏ ခြောက်ရက်ကြာမဲဆွယ်တရားပွဲများကို တက်ရောက်မည်ဖြစ်သည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး အက်ရဲဒ်ဒဲနှင့် အခြားထင်ရှားသော ဒီမိုကရက်တစ်များက ဧပြီ ၂၂ ရက်တွင် ကျင်းပမည့် ပင်ဆယ်ဗေးနီးယား အကြိုရွေးကောက်ပွဲတွင် ဟီလာရီအား ထောက်ခံကြသည်။

ပင်ဆယ်ဗေးနီးယားပြည်နယ်တွင် ဟီလာရီကို ထောက်ခံသူဦးရေက အိုဘားမားထက် ပိုများသည်။

ဒီမိုကရက်တစ်ပါတီမှ ရွေးချယ်ခံရသူ သမ္မတလောင်းသည် ရီပတ်ဘလီကင်မှ ဂျွန်မက်ကိန်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။



ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဇင်ဘာဘွေရွေးကောက်ပွဲတွင် ကနဦးမဲများအရ အတိုက်အခံတို့က အနိုင်ရကြောင်း ကြေညာ

ဟာရာရေး မတ် ၃၀

ဇင်ဘာဘွေနိုင်ငံ ရွေးကောက်ပွဲတွင်ကနဦးရရှိသောမဲရေတွက်မှုအရ အတိုက်အခံတို့ကအနိုင်ရရှိကြောင်း တနင်္ဂနွေနေ့တွင် ကြေညာသည်။

အတိုက်အခံပါတီ မှမင့်ဖော် ဒီမိုကရက်တစ်ချိန်း(အမ်ဒီစီ)၏ အထွေထွေအတွင်းရေးမှူး တင်ဒိုင်းဘီတီက ၎င်းတို့ရွေးကောက်ပွဲတွင်အနိုင်ရရှိပြီဖြစ်ကြောင်း၊ သတင်းထောက်များ၊ သံတမန်များနှင့် လေ့လာသူများကို ပြောကြားသည်။

အသက် (၈၄)နှစ်ရှိ ရောဘတ်မူဂါဘီသည် ရွေးကောက်ပွဲတွင် အကွက်ဆင်ထားသည်ဟု အတိုက်အခံတို့ကစွပ်စွဲသည်။ အာဖရိကလေ့လာသူများက စနေနေ့က မဲပေးပွဲတွင်လိမ်လည်မှုများကို တွေ့ရကြောင်း ပြောသည်။

မူဂါဘီသည် ဇင်ဘာဘွေနိုင်ငံ၏စီးပွားရေးကို ပျက်စီးအောင် အနောက်နိုင်ငံများက လုပ်ဆောင်နေကြောင်း စွပ်စွဲလိုက်ပြီး ၎င်းသည်ရွေးကောက်ပွဲတွင် အနိုင်ရမှာဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တာလီဘန်စစ်သွေးကြွများတိုက်ခိုက်

ကဘူး မတ် ၃၀

အာဖဂန် နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ဟဲမန်ပြည်နယ်တွင် မတ် ၂၉ရက်က တာလီဘန်သောင်းကျန်းသူများက လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တိုက်ခိုက်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဂီရှ်ခရိုင်ရှိ လျှပ်စစ်ဓာတ်အားပေးရုံသည် ယင်းဒေသအတွက် လျှပ်စစ်ဓာတ်အား အဓိကထုတ်လုပ်ရာဒေသ ဖြစ်သည်။ အဆောက်အအုံများ ပျက်စီးသွားသော်လည်း လျှပ်စစ်ဓာတ်အားပေးစက်မှာ ထိခိုက်မှုမရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၇ ခုနှစ်က စတင်ပြီး တာလီဘန်စစ်သွေးကြွများသည် လမ်းဘေးဗုံး ရာပေါင်းများစွာနှင့် ဗုံးတွဲများဖြင့် တိုက်ခိုက်လျက်ရှိရာ တစ်နှစ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အရပ်သား ၂၀၀၀ အပါအဝင် လူ ၆၀၀၀ သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီတလီမှ မိုဇာရယ်လာတဲ့ဆိပ်ကွဲနို့ဒိန်ခဲများကို ပြင်သစ်နိုင်ငံ မြို့လယ်ရှိ ဆိုင်တစ်ဆိုင်တွင် မတ် ၂၈ ရက်က တွေ့ရစဉ်။ (ယင်းတံဆိပ်ဒိန်ခဲတွင် ကင်ဆာရောဂါဖြစ်စေသော ဒိုင်အိုစင်ခေါ် ဓာတုပစ္စည်းများပါရှိကြောင်း တွေ့ရှိခဲ့သော်လည်း ဥရောပသမဂ္ဂက ကုန်သွယ်ရေးဆိုင်ရာ တားမြစ်မှုမပြုလုပ်သေးကြောင်း ဥရောပကော်မရှင်က သောကြာနေ့တွင် ပြောကြားသည်။)

အီရတ်၌ဗုံးဖြင့်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံး

ဘဂ္ဂဒက် မတ် ၃၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက်တွင်မတ်၂၈ရက်က လမ်းဘေးဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အမေရိကန်ထောက်ခံသော အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် ရှီးယိုက် စစ်သွေးကြွများသည် ဘဂ္ဂဒက်မြို့ အပါအဝင် အီရတ်နိုင်ငံမြို့ကြီးများ၌ တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားစဉ်မှ ယနေ့အထိ အီရတ်နိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၀၀၅ ဦးရှိပြီဖြစ်ကြောင်း ပင်တဂွန် စစ်ဌာနချုပ်က ဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်္ဂလန်တွင် ငါးလမြောက်အိမ်ဈေးဆက်ကျ

လန်ဒန် မတ် ၃၀

အင်္ဂလန်နိုင်ငံတွင် အိမ်ရာဈေးနှုန်းများသည် ငါးလဆက်တိုက် ကျဆင်းလျက်ရှိပြီး ၁၂နှစ်ကာလအတွင်းတွင် အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေသည်။

အိမ်ဈေးနှုန်းသည် ဖေဖော်ဝါရီလအတွင်းက ဝဒသမ၅ ရာခိုင်နှုန်း ကျဆင်းပြီး ယခုလတွင် ဝဒသမ၆ရာခိုင်နှုန်း ကျဆင်းကြောင်း နိုင်ငံလုံးဆိုင်ရာဆောက်လုပ်ရေးအဖွဲ့က သောကြာနေ့တွင် ပြောကြားသည်။

၂၀၀၈ခုနှစ်တွင် အိမ်ဈေးနှုန်းကျဆင်းမှုသည် အသင့်အတင့်သာဖြစ်မည်ဟု မျှော်လင့်ရကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စုစနစ် (၁)

စည်သူအောင်

"အခုထွက်လာတဲ့ အခြေခံဥပဒေမူကြမ်းနဲ့ပတ်သက်ပြီး လေဖမ်းတန်းချည် ပြောနေဆိုနေကြတာတွေ ကြားနေရတယ်ကွာ။ အဲဒါကြားရတဲ့သူတွေ နားဝေတိမ်တောင်မဖြစ်ရအောင် နည်းနည်းလောက်တော့ ဆွေးနွေးချင်တယ်။ အထူးသဖြင့်ကတော့ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံ အပိုင်းပေါ့။ အခုဆွဲထားတဲ့ အခြေခံဥပဒေမှာပါတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်(၁၄)ခုစနစ်ဟာ ပြည်ထောင်စုစစ်စစ်ပုံစံမဟုတ်ဘူးတို့၊ ဘာတို့ ပြောနေကြတာရှိတယ်"

"ဒါတွေက ခုနစ်ဆွေး ရှစ်ဆွေးနဲ့ ဒိတ်အောက်နေတဲ့ အတွေးအခေါ်တွေပါကွာ။ ၁၉၅၀ နဲ့ ၁၉၆၀ ပြည့်လွန်နှစ်တွေတုန်းက ရှစ်ပြည်နယ်ရမှဆိုတဲ့ ဖက်ဒရယ်သမားတွေရဲ့ လေသံကို ခေတ်ဟောင်းပြန်ဆိုတေး လုပ်နေကြတာပါ။ ဘာပဲဖြစ်ဖြစ် ဒီခေတ်လူတွေ ရှင်းရှင်းလင်းလင်း သိနိုင်အောင်လို့ ဒို့နိုင်ငံရဲ့ အခြေခံဥပဒေ(၃)ခုမှာပါခဲ့တဲ့ နိုင်ငံဖွဲ့စည်းပုံ၊ ပြည်နယ်နဲ့တိုင်း ဖွဲ့စည်းပုံတွေ ဘယ်လိုဖြစ်လာသလဲဆိုတာ နောက်ခံ အခြေအနေနဲ့ယှဉ်ပြီး လေ့လာကြည့်ရအောင်။

"ပထမဆုံးကတော့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပေါ့။ ဒီအခြေခံဥပဒေမှာ မြန်မာပြည်မ၊ ရှမ်းပြည်နယ်၊ ကရင်နီ(ကယား) ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းဝိသေသတိုင်းနဲ့ ကော်သူးလေ အထူးဒေသဆိုပြီး ပထမဆုံးဖွဲ့စည်းခဲ့တာပါ။ ၁၉၅၁ ခုနှစ်ကျမှ ကော်သူးလေ အထူးဒေသကို ကရင်ပြည်နယ်အဖြစ် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခဲ့တာ ဖြစ်တယ်။ ဒီဖွဲ့စည်းပုံမှာ ကချင်တိုင်းရင်းသား ခေါင်းဆောင်တွေရဲ့ တောင်းဆိုချက်အရ အပိုင်း(၂) ဇယားဝင်ဒေသဖြစ်တဲ့ ရှမ်းနဲ့ ဗမာတွေ အများစုနေထိုင်တဲ့ ဗန်းမော်နဲ့ မြစ်ကြီးနားခရိုင်တွေကို ကချင်တောင်တန်းဒေသနဲ့ပေါင်းပြီး ကချင်ပြည်နယ်အဖြစ် ဖွဲ့စည်းပေးလိုက်တာပါ။

"ကရင်ပြည်နယ် ဖွဲ့စည်းဖို့ကျတော့ ပြဿနာနည်းနည်းရှိတယ်လေ။ ကရင်တိုင်းရင်းသားတွေက တစ်နိုင်ငံလုံးလူဦးရေရဲ့ ၁၁ ပုံ တစ်ပုံလောက် ရှိပေမယ့် ဒေသတစ်ခုတည်းမှာ စုစုစည်းစည်း ရှိကြတာမဟုတ်ဘူး။ သံလွင်ခရိုင်၊ တောင်ငူခရိုင်နဲ့ မြစ်ဝကျွန်းပေါ်ဒေသမှာ ပြန့်ကျဲနေထိုင်ကြတာ ဖြစ်တယ်။ ဒါကြောင့် အခြေခံဥပဒေပုဒ်မ(၁၈၀)မှာ သံလွင်ခရိုင်ကို ကော်သူးလေ အထူးဒေသလို့ သတ်မှတ်ပေးပြီး ကျန်တဲ့ ကရင်တိုင်းရင်းသားတွေအတွက် ကရင်ရေးရာအဖွဲ့လို့ သီးခြားဖွဲ့စည်းပေးခဲ့တယ်။ အဲဒီတုန်းက ချင်းတိုင်းရင်းသားတွေကတော့ ပြည်နယ်တောင်းဆိုတာ မရှိဘဲ အထူးတိုင်းတစ်ခုအဖြစ် မြန်မာပြည်မထဲမှာပဲ နေချင်ပါတယ်ဆိုလို့ ချင်းဝိသေသတိုင်းအဖြစ် ဖွဲ့စည်းပေးခဲ့တာပဲ"

"အဲဒီတော့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေမှာ တိုင်းရင်းသားတွေအတွက် ပြည်နယ်၊ ဝိသေသတိုင်း၊ အထူးဒေသဆိုပြီး ဖွဲ့စည်းမှုအမျိုးမျိုး ပါနေတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ **အဲဒီတုန်းက အခြေအနေကိုပြန်ကြည့်ရင် တစ်နှစ်အတွင်း လွတ်လပ်ရေးရဖို့အတွက် အခြေခံဥပဒေကိုလည်း တက်သုတ်ရိုက်ပြီး ရေးခဲ့ရတာလေ။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေဟာ အစကနေအဆုံးအထိ ၁၀၈ ရက်နဲ့ ရေးခဲ့ရတာ။ ဒီကြားထဲမှာ နယ်ချဲ့တွေက တိုင်းရင်းသားတွေကို မြန်မာပြည်မကြီးထဲက မခွဲထွက် ခွဲထွက်အောင် သွေးထိုးပေးနေတာလည်း ရှိသေးတယ်။ ပြီးတော့ အဲဒီအချိန်မှာ အခြေခံဥပဒေရေးဆွဲတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွမ်းကျင်တဲ့မြန်မာဥပဒေပညာရှင်တွေလည်း အတော်ရှားပါးသေးတယ်။**

"ဒါကြောင့် မြန်မာနိုင်ငံရဲ့ အခြေခံဥပဒေအကြံပေးအရာရှိဖြစ်တဲ့ ဦးချန်ထွန်းဟာ အိန္ဒိယနိုင်ငံက အခြေခံဥပဒေဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဆာဘီနီဂယ်နာရာဆင်ဂါရောင်းနဲ့ အကြိမ်ကြိမ်သွားတွေ့ပြီး အကြံဉာဏ်ယူ ဆွေးနွေးခဲ့ရတယ်။ မြန်မာနိုင်ငံရဲ့ အခြေခံဥပဒေ ပထမဆုံးမူကြမ်းကို ဦးချန်ထွန်းက အိန္ဒိယမှာပဲ ရေးခဲ့တာ။ တစ်ချိန်တည်းမှာ ဖဆပလ အဖွဲ့ချုပ် ပဏာမညီလာခံက တာဝန်ပေးခဲ့တဲ့ ၁၁၁ ဦးကော်မတီကလည်း အခြေခံဥပဒေမူကြမ်းတစ်ခု ရေးဆွဲခဲ့သေးတယ်။ ဒီမူကြမ်းနှစ်ခုကို ပေါင်းစပ် အချောကိုင်ပြီးမှ ၁၉၄၇ခုနှစ် အခြေခံဥပဒေ ဖြစ်လာတာပဲ။

"ပြောချင်တာကတော့ကွာ တစ်ခါမှမရှိဖူးသေးတဲ့ အခြေခံဥပဒေတစ်ခုကို စပြီးရေးဆွဲရတဲ့အချိန်မှာ အဘက်ဘက်မှ ဖိအားအမျိုးမျိုးကို ခံပြီးနေရတဲ့အခါကျတော့ အခြေအနေအရ ထည့်သွင်းခဲ့ရတာမျိုးတွေ၊ လိုအပ်ချက်တွေလည်း ရှိနိုင်တာပဲ။

"ဘာပဲဖြစ်ဖြစ်၊ ဒီလိုတက်သုတ်ရိုက်ပြီး လုပ်ရတဲ့ကြားထဲက အတတ်နိုင်ဆုံး တိုင်းရင်းသားတွေအားလုံး ပါဝင်အောင် စနစ်တကျဖွဲ့စည်းပြီးတော့ အပြန်ပြန်အလှန်လှန် ဆွေးနွေးတိုင်ပင်ပြီးမှ ရေးခဲ့ကြတာပဲ။ အခြေခံဥပဒေ ရေးဆွဲခဲ့တဲ့သူတွေက ဒီလောက်တိုတောင်းလှတဲ့အချိန်အတွင်းမှာ အခြေခံဥပဒေတစ်ခုအတွက် ပါသင့်ပါထိုက်တာတွေ တတ်နိုင်သမျှပါအောင် ကြိုးပမ်းခဲ့ကြတာပါ။ ရနိုင်သမျှ အကောင်းဆုံး ကြိုးစားခဲ့ကြတာပါပဲ။

"ဒါကြောင့် အဲဒီအချိန်ကရေးဆွဲခဲ့တဲ့ မြန်မာနိုင်ငံရဲ့အခြေခံဥပဒေနဲ့ ပတ်သက်ပြီး ၁၉၄၇ခုနှစ် နိုဝင်ဘာလ ၅ရက်နေ့မှာ ဗြိတိသျှနန်းရင်းဝန် မစ္စတာ အက်တလီက ဗြိတိသျှပါလီမန် အောက်လွှတ်တော်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးဥပဒေကြမ်းကို တင်သွင်းတုန်းကတောင်မှ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ရရှိထိုက်တဲ့ ဂုဏ်အင်္ဂါအပေါင်းနဲ့ ပြည့်စုံတယ်။ အခြေခံဥပဒေရဲ့ သဘောတရားမှာလည်း ဒီမိုကရေစီသဘောတရားတွေ ပါဝင်နေတယ်။ လူမျိုးစုလွှတ်တော်မှာလည်း လူနည်းစုရဲ့ ဩဇာအာဏာ အတော်အတန်ပင်ရှိတယ်။ ပြည်နယ်တွေမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာ၊ ဥပဒေပြုအာဏာတွေရှိကြတဲ့အပြင် အခွန်ထွက်ပင်ရင်းတွေကိုလည်း ရရှိကြတယ်။ အထူးဒေသတွေမှာလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတော်အတန် ပေးထားတယ်"လို့ ချီးကျူးထားသေးတယ်လေ"

"အေးကွာ၊ ဒါပေမယ့် တချို့ကတော့ ဒါဟာပြည်ထောင်စုပုံ မပေါ်ဘူး။ ပြည်ထောင်စုမစစ်ဘူးလို့ အခုထက်ထိ ပြောနေကြတုန်းပဲ မဟုတ်လား"

"ဒါ့အပြင် မလိုတဲ့သူတွေ၊ တို့မီးရှို့မီး လုပ်ချင်တဲ့သူတွေကလည်း "ဒါဟာ ဗမာလူမျိုးကြီးဝါဒ ကျင့်သုံးချင်လို့လုပ်တာ၊ မြန်မာပြည်မကြီးကို ဗမာပြည်နယ်မဖွဲ့ဘဲ ဗဟိုအစိုးရနဲ့ ပြည်ထောင်စုလွှတ်တော်ကပဲ တိုက်ရိုက်ကိုင်တွယ်ထားတာဟာ ဗမာတွေက အာဏာလက်ဝါးကြီးအုပ်ချင်လို့" စသည်ဖြင့် ပြောခဲ့ကြတယ်။

"တကယ်တမ်းကတော့ ဒီပြည်ထောင်စုဖွဲ့စည်းပုံကို ရေးဆွဲချမှတ်ခဲ့တာဟာ ဗမာတွေချည်းရေးဆွဲခဲ့တာ မဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ကရင်တိုင်းရင်းသားခေါင်းဆောင် မန်းဘခိုင်၊ ကချင်တိုင်းရင်းသားခေါင်းဆောင် ဆမားဒူးဝါးဆင်ဝါးနောင်စတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေပါဝင်တဲ့ ပြည်ထောင်စုနှင့် ပြည်နယ်များ ဆပ်ကော်မတီက အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြပြီးမှ သဘောတူ သတ်မှတ်ခဲ့ကြတာပါ။

"၁၉၄၇ခုနှစ် ဇွန်လ ၂၃ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုနှင့် ပြည်နယ်များ ဆပ်ကော်မတီ ပထမအကြိမ်အစည်းအဝေးမှာ အခြေခံဥပဒေအကြံပေးအရာရှိ ဦးချန်ထွန်းက ပြည်ထောင်စု ဖွဲ့စည်းမှုပုံသဏ္ဌာန်သုံးမျိုးကို ဖြစ်ပေါ်လာပုံ နောက်ခံအခြေအနေတွေ၊ သဘောလက္ခဏာတွေနဲ့ တကွ သရုပ်ခွဲပြီး ရှင်းလင်းတင်ပြခဲ့တယ်။ ကော်မတီဝင်လူကြီးတွေက မြန်မာနိုင်ငံရဲ့ အခြေအနေအရ အခုရှိပြီးဖြစ်တဲ့ ဘယ်ပြည်ထောင်စုမူနဲ့မှ တစ်သဝေမတိမ်း မကိုက်ညီနိုင်တဲ့အတွက် ကမ္ဘာပေါ်မှာရှိတဲ့ ပြည်ထောင်စုနိုင်ငံတွေကနေ မြန်မာနိုင်ငံနဲ့ သင့်လျော်မယ့် ကောင်းနိုးရာရာ အချက်တွေကိုပဲ စိစစ်ပေါင်းစပ် ရေးဆွဲစေချင်တဲ့အကြောင်း ဆုံးဖြတ်ခဲ့ကြတယ်။

"အဲဒီ အစည်းအဝေးမှာ ဆပ်ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းက 'အခြေခံဥပဒေရေးဆွဲရာမှာ တခြားနိုင်ငံက အခြေခံဥပဒေတွေကို မျက်စိမှိတ်ပြီး ပုံတူကူးချဖို့မသင့်ဘူး၊ ကိုယ့်နိုင်ငံရဲ့ အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစားပြီး ကိုယ့်နိုင်ငံနဲ့အကိုက်ညီဆုံး အခြေခံဥပဒေမျိုးကိုပဲ ရေးဆွဲဖို့လိုတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ဒေသတွေဟာ ဒေသတစ်ခုနဲ့တစ်ခု တိုးတက်ဖွံ့ဖြိုးမှု တစ်ပြေးညီမရှိကြလို့ အခြေခံဥပဒေရေးဆွဲရာမှာ ဒီအချက်ကို အလေးထားစဉ်းစားဖို့လိုတယ်"လို့ သူ့ရဲ့ ရှုမြင်သုံးသပ်ချက်ကို အင်္ဂလိပ်ဘာသာနဲ့ တင်ပြခဲ့တာရှိတယ်။

"ပြည်ထောင်စုနဲ့ ပြည်နယ်တွေအကြား ဥပဒေပြုခွင့်အာဏာ ခွဲဝေမှုနဲ့ ပတ်သက်လို့လည်း ပြည်နယ်တွေအတွက် သီးခြားဥပဒေပြုအဖွဲ့နဲ့ အစိုးရတွေ ထားရှိပေမယ့် မြန်မာပြည်မအတွက် သီးခြားလွှတ်တော်နဲ့ အစိုးရ မထားဘဲ ပြည်ထောင်စုလွှတ်တော်နဲ့ အစိုးရကပဲ မြန်မာပြည်မအတွက်ပါ တာဝန်ယူဆောင်ရွက်ဖို့ ဒီဆပ်ကော်မတီက ဆုံးဖြတ်ခဲ့တာပါ။

"အဲဒီလို ဆုံးဖြတ်ခဲ့ရတာကလည်း အကြောင်းတွေ ရှိပါတယ်။ ပထမ အကြောင်းကတော့ အဲဒီလို ပြည်နယ်လွှတ်တော် တစ်ခု၊ ပြည်ထောင်စုလွှတ်တော်တစ်ခု၊ ပြည်နယ်အစိုးရတွေသတ်သတ်၊ ပြည်ထောင်စုအစိုးရသတ်သတ် ဖွဲ့စည်းဖို့ဆိုတာ အုပ်ချုပ်ရေးကျွမ်းကျင်တဲ့ လူအင်အား များများစားစား ရှိမှဖြစ်မှာ။

"နောက်အကြောင်းတစ်ခုကလည်း ဒီမြန်မာပြည်မကြီးကိုပဲ ဗမာပြည်နယ်အဖြစ် သတ်မှတ်လိုက်ရင် ပြည်ထောင်စုလွှတ်တော်မှာလည်း လူဦးရေအချိုးအစားအလိုက် ရွေးကောက်တာဆိုတော့ ဗမာအမတ်တွေက အများကြီး၊ ဗမာပြည်နယ်လွှတ်တော်မှာလည်း လူဦးရေအများဆုံး ပြည်နယ်မို့ အမတ်တွေက အများကြီး၊ ဒီနှစ်ခုပေါင်းလိုက်ရင်တောင်မှ ကုန်လိုက်မယ့် ကုန်ကျစရိတ်က အများကြီးဖြစ်သွားလိမ့်မယ်။

"အဲဒီအချိန်က မြန်မာအစိုးရရဲ့ ဘတ်ဂျက်အခြေအနေက မကောင်းလှဘူး။ စစ်ဒဏ်ကို နှစ်ကြိမ်ခံခဲ့ရပြီး ပြာပုံဘဝကနေ တိုင်းပြည်ကို ထူထောင်ရမယ့်အချိန်မှာ အင်္ဂလိပ်ရဲ့အကြွေးနဲ့ ဗြိတိသျှ အိန္ဒိယရဲ့ အကြွေးတွေက ကုဋေတစ်ရာလောက်တင်နေသေးတာ။ လွတ်လပ်ရေးကို အကြွေးဝန်ထုပ်ဝန်ပိုးကြီးနဲ့ တွဲပြီးယူရမှာလေ။ ဒီလိုအခြေအနေမျိုးမှာ မြန်မာပြည်မကို ပြည်ထောင်စုအစိုးရက တိုက်ရိုက်အုပ်ချုပ်ပြီး ဗမာပြည်နယ်လွှတ်တော် ဖွဲ့စရာမလိုတော့ရင် ကုန်ကျစရိတ်က ခေါက်ချိုးလောက် သက်သာသွားမှာဖြစ်တယ်။ ဒါကြောင့် ဗမာပြည်နယ်ကို သီးခြားမဖွဲ့တော့ဘူးလို့ တိုင်းရင်းသားခေါင်းဆောင်တွေပါဝင်တဲ့ ဆပ်ကော်မတီက သဘောတူဆုံးဖြတ်ခဲ့တာပဲ"

"ဒီလိုဆိုတော့ ဗမာပြည်နယ်မဖွဲ့ခဲ့တာ၊ ဗမာတွေတောင်မှ ပြည်နယ်လွှတ်တော်အမတ်တွေ မလုပ်ရတော့ နစ်နာသွားသေးတာပေါ့။ ဟိုတုန်းက လွှတ်တော်အမတ်တွေကို လင့်ရှိဗာကားတစ်စီးစီတောင်မှ ပေးထားသေးတယ်ဆို။ ဒါဆိုရင် ဘာဖြစ်လို့ ဒီရှစ်ပြည်နယ်မူတို့၊ ဖက်ဒရယ်စစ်စစ်မူတို့ ဆိုတာတွေကို တချို့လူတွေက အတင်းအော်ဟစ်နေရတာလဲ"

"အဓိက အချက်ကတော့ အာဏာပေါ့ကွာ။ လူမျိုးစုလွှတ်တော်မှာ ပြည်နယ်ရှစ်ခု တန်းတူညီမျှ ကိုယ်စားလှယ်စေလွှတ်ရမယ့် အမေရိကန်ပုံစံမျိုးဆိုရင် ဗမာနဲ့တိုင်းရင်းသားတွေရဲ့ အချိုးက တစ်အချိုးခုနစ်အချိုးနဲ့ လူအများစုဗမာတွေကို လူနည်းစု တိုင်းရင်းသားတွေက မဲနဲ့ဖိထားနိုင်မယ်လို့တွက်ပြီး လုပ်နေကြတာပေါ့။ တကယ်တော့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ လူမျိုးစုလွှတ်တော်မှာလည်း စုစုပေါင်း အမတ် ၁၂၅ ယောက်မှာ ပြည်နယ်တိုင်းရင်းသားအမတ်တွေက ၇၂ ယောက်ရှိပြီး မြန်မာပြည်မက ၅၃ ယောက်ပဲ ရှိတာမို့ ဘယ်လိုမှ လူမျိုးကြီးဝါဒကျင့်သုံးဖို့ မဖြစ်နိုင်ပါဘူး။

"ဒါပေမယ့် ၁၉၆၀ ပြည့်လွန်နှစ်တွေရောက်တော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ ခွဲထွက်ခွင့်ဆိုတာကို အခွင့်ကောင်းယူပြီး အာဏာစွန့်လိုက်ရတဲ့ ရှမ်းစော်ဘွားတွေ၊ လူမျိုးရေးသဘောထား အစွန်းရောက်သူတွေက ဖက်ဒရယ်မူကို တောင်းဆိုလာကြတယ်။

"ဖက်ဒရယ်မူဆိုတာ ဗမာပြည်နယ်ဖွဲ့စည်းရေး၊ လွှတ်တော်နှစ်ရပ်ကို အာဏာတူပေးရေး၊ အထက်လွှတ်တော်ကို တူညီတဲ့ ကိုယ်စားလှယ် စေလွှတ်ရေး၊ ဗဟိုအစိုးရကို အာဏာကန့်သတ်ပေးပြီး ပြည်နယ်တွေက ကြွင်းကျန်အာဏာအားလုံးကို ရယူရေးဆိုတဲ့ မူလေးချက်ကို အခြေခံထားပြီးတော့ လူနည်းစုက လူများစုကို ချုပ်ကိုင်နိုင်ဖို့ လုပ်လာတာပါ။ အချိန်မရွေး ပြည်ထောင်စုကြီးကို ပြိုကွဲစေနိုင်တဲ့ မျိုးစေ့ကို စိုက်ပျိုးတဲ့ သဘောပါပဲ။

"ဒါ့အပြင် ကိုယ်ပိုင်လက်နက်ကိုင်တပ်ဖွဲ့တွေ ဖွဲ့စည်းထားပြီး နိုင်ငံရေးနည်းလမ်းအရ ဖက်ဒရယ်မူ တောင်းဆိုလို့မရရင် အခြေခံဥပဒေအခန်း(၁၀)အရ ခွဲထွက်ပြီး ဆီးတိုးစစ်အုပ်စုထဲဝင်ဖို့အထိ ကြံစည်လာတာတွေရှိခဲ့တာမို့ ၁၉၆၂ ခုနှစ်မှာ တော်လှန်ရေးကောင်စီက နိုင်ငံတော်ကို တာဝန်ယူထိန်းသိမ်းခဲ့ရတာ အားလုံးအသိပဲလေ"

(ဆက်လက်ဖော်ပြပါမည်)

အဲဒီတုန်းက အခြေအနေကိုပြန်ကြည့်ရင် တစ်နှစ်အတွင်း လွတ်လပ်ရေး ရဖို့အတွက် အခြေခံဥပဒေကိုလည်း တက်သုတ်ရိုက်ပြီး ရေးခဲ့ရတာလေ။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေဟာ အစကနေအဆုံးအထိ ၁၀၈ ရက်နဲ့ ရေးခဲ့ ရတာ။ ဒီကြားထဲမှာ နယ်ချဲ့တွေက တိုင်းရင်းသားတွေကို မြန်မာပြည်မကြီး ထဲက မခွဲထွက် ခွဲထွက်အောင် သွေးထိုးပေးနေတာလည်း ရှိသေးတယ်။ ပြီးတော့ အဲဒီအချိန်မှာ အခြေခံဥပဒေရေးဆွဲတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွမ်းကျင်တဲ့ မြန်မာဥပဒေပညာရှင်တွေလည်း အတော်ရှားပါးသေးတယ်။

ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဇောက်ချလုပ်ကိုင်လျက်ရှိ အိမ်တိုင်းစေ့ ယင်လုံအိမ်သာသုံးစွဲနိုင်ရေး ဆောင်ရွက်နေ

နေပြည်တော် မတ် ၂၀

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် "အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ်(၂၀၀၈)" ဖွင့်ပွဲအခမ်းအနားကို မတ် ၂၉ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနခန်းမ၌ ကျင်းပသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အဖွဲ့ဝင်များ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ်(၂၀၀၈) အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့မှတာဝန်ရှိသူများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့် အမှာစကားပြောကြားရာ၌ ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၌ ကမ္ဘာ့နိုင်ငံ အများစု၏ သဘောတူညီမှုနှင့် ကုလ သမဂ္ဂအဖွဲ့ကြီးက ၂၀၀၈ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေးနှစ် International Year of Sanitation (၂၀၀၈) အဖြစ် သတ်မှတ်ကြေညာကြောင်း၊ တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်သန့်ရှင်းရေးနှစ် ဖွင့်ပွဲ အခမ်းအနားကိုလည်း ကုလသမဂ္ဂ ဌာနချုပ်၌ ၂၀၀၇ခုနှစ် နိုဝင်ဘာ ၂၁ရက်က ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ အရှေ့အာရှဒေသဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေးနှစ် ဖွင့်ပွဲအခမ်းအနားကို လည်း ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၄ရက် တွင် ဂျပန်နိုင်ငံ၌ ကျင်းပခဲ့ပြီးဖြစ် ကြောင်း၊ ထို့နောက် မြန်မာနိုင်ငံက လည်း ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ် ပေးထားသည့်အတိုင်း ၂၀၀၈ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေးနှစ်အဖြစ် ၂၀၀၈ ခုနှစ် တစ်နှစ်တာလုံး သတ်မှတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိကိုလည်း သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေကျန်းမာရေး ရက်သတ္တပတ် အဖြစ် လှုပ်ရှားဆောင်ရွက်သွားမည် ဆိုသည်ကို အသိပေးပြောကြားလို ကြောင်း။

မြန်မာနိုင်ငံအနေနှင့်လည်း ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ငန်းများကို ဆယ်စုနှစ် များစွာ ဇောက်ချလုပ်ကိုင်လျက် ရှိနေ ကြောင်း၊ အမျိုးသားကျန်းမာရေး မူဝါဒ(National Health Policy) တွင် လေထုနှင့်ရေထု ညစ်ညမ်းမှုမှ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက် ရန် လမ်းညွှန်ထားကြောင်း။

ထို့ကြောင့် လူတိုင်းစေ့ သန့်ရှင်းစွာ နေထိုင်နိုင်ရေးနှင့် လူတိုင်း ဝမ်းနှင့် ပတ်သက်သော ရောဂါများ ကင်းရှင်း ရေးအတွက် "Sanitation for All" ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အိမ်တိုင်းစေ့ ယင်လုံအိမ်သာ သုံးစွဲနိုင်ရေးမူဝါဒကို ချမှတ်ပြီး ဆောင်ရွက်နေသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း။

ထို့အပြင် ၁၉၉၅ ခုနှစ် ကူးစက်ရောဂါ များ ကာကွယ်နှိမ်နင်းရေးဥပဒေ အခန်း (၄)၌ "ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကူးစက်ရောဂါ ဖြစ်ပွားသည့်အခါ ထိရောက်စွာ နှိမ်နင်းနိုင်ရန် အများပြည်သူတို့သည် သက်ဆိုင်ရာ နယ်မြေဒေသရှိ ကျန်းမာ ရေး အရာရှိများ၏ ကြီးကြပ်ကွပ်ကဲမှု ဖြင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း များ ဆောင်ရွက်ရန် တာဝန်ရှိသည်ဟု တိတိကျကျ လမ်းညွှန်ချက် ချမှတ် ထားကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသွားသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေး များရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က အမှာစကားပြောကြားပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဧည့်သည် တော်များသည် ခန်းမ၌ ပြသထားသော "အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းရေးနှစ်(၂၀၀၈)" အထိမ်း အမှတ်ပြခန်းအား လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာရ်အောင်စေတီ အနီး သုညတဓမ္မ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ကျောင်းတိုက်အတွင်း မဂ္ဂဓမ္မ လေးထပ်ကျောင်းဆောင် မတည်အလှူရှင် ရန်ကုန်မြို့ ကုန်ဈေး တန်းလမ်းမှ ဒေါ်ရီရီ(စိန်သရဖူ သက်န်းတိုက်)ဒေါ်အုန်းညွှန့်၊ဒေါ်ရီရီ မိသားစုက အလှူငွေကျပ်တစ်သိန်းကို သုညတဓမ္မ ဆရာတော်ဦးစန္ဒသေန ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်ရတနာ အိမ်ရာနေ ကွယ်လွန်သူ ဒေါ်စိန်သန်း အားရည်စူး၍ ဦးကျော်လေးမိသားစု က အလှူငွေကျပ် ၂၀၀၀၀၀ကို ဘဏ္ဍာရေးမှူး ဦးသန်းနှင့် အတွင်း ရေးမှူး ဦးမြင့်သန်းတို့ထံ ပေးအပ် လှူဒါန်းစဉ်။

(ကြေးမုံ)

ဓမ္မအောင်မြေဆရာတော်များ၏ အထူးတရားပွဲများ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် ဓမ္မ အောင်မြေ စာသင်တိုက်၏ ပဓာနနာယက ဆရာတော် အရှင်ကောဝိဒသည် မတ် ၃၁ရက်တွင် ပျော်ဘွယ်မြို့နယ် ဝါးရုံစုရွာ ဦးလှအောင်၏ ရှင်ပြုအလှူ အထူးတရားပွဲ၊ ဧပြီ ၁၃၊ ၁၄ရက်များတွင် ဝါးရုံစုရွာ သင်္ကြန်အထူးတရားပွဲ၊ ဧပြီ ၁၈ရက်တွင် ရမည်းသင်းမြို့နယ် ဇီးဖြူကုန်းရွာ ဂန္ထဓုရစာသင်တိုက် အထူးတရားပွဲများတွင် ဟောကြားမည်ဖြစ်ပြီး အရှင်ကုသလ ဓမ္မာစရိယ မဟာဝိဇ္ဇာ (နယူးဒေလီ)သည် မတ် ၃၁ရက်တွင် မြောက်ဥက္ကလာပမြို့နယ် (ခ)ရပ်ကွက် မြရတနာ ၁၀လမ်း ဓမ္မဝေပုလ္လ အထူးတရားပွဲ၊ ဧပြီ ၁ရက်တွင် ဝေဘာဂီ ၂ရပ်ကွက် မဟာသန္တိသုခဓမ္မာရုံ၏ ဗုဒ္ဓပူဇနိယ အထူးတရားပွဲ၊ ဧပြီ ၁၅၊ ၁၆ရက် ညများတွင် ပျော်ဘွယ်မြို့နယ် ဝါးရုံစုရွာ သင်္ကြန်အထူးတရားပွဲ၊ ဧပြီ ၁၈ရက်တွင် ရမည်းသင်းမြို့နယ် ဇီးဖြူကုန်းရွာ ဂန္ထဓုရစာသင်တိုက် အထူးတရားပွဲများတွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်းနှင့် တရားပွဲများ ပင့်လျှောက် လိုပါက ဖုန်း-၆၅၃၄၉၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

သဲအင်းဂူ အောင်ချမ်းသာကျောင်းတိုက် တရားစခန်း

ရန်ကုန် မတ် ၃၀

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်း သဲအင်းဂူ အောင်ချမ်းသာ ကျောင်းတိုက် (၁)ဝိုင်းတွင် ဒုတိယအကြိမ်မြောက် တရားစခန်းပွဲကို ဗုဒ္ဓ အလိုတော်ကျ သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၆၉ခု တန်ခူးလဆန်း ၆ရက်မှ ၁၂ရက်) ဧပြီ ၁၁ရက်မှ ဧပြီ ၁၇ရက်ထိ မဟာသင်္ကြန် အဓိဋ္ဌာန်တရားစခန်းပွဲကို သဲအင်းဂူဆရာတော် ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)မှ ဝိပဿနာ အလုပ်ပေးတရားချီးမြှင့်မည်ဖြစ်ပြီး ဘဒ္ဒန္တ ဝီရိယ၊ ဘဒ္ဒန္တ ဣန္ဒသီရိတို့က ကမ္မဋ္ဌာန်း တရားတော်များ ချီးမြှင့်မည်။ ဧပြီ ၁၀ရက် ညနေ ၅နာရီအရောက် တရားစခန်း ဝင်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၃၃)ဆင်းပွဲတွင် မြို့နယ် အလုပ်အမှုဆောင် စည်းရုံးရေးရာတာဝန်ခံ ဒေါ်ခင်စန်းမြင့် သင်တန်းသူတစ်ဦး အား သင်တန်းဆင်းလက်မှတ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အရည်အသွေးမြင့်မားသော Dumex ရွှေနို့မှုန့်များ မိတ်ဆက်သည့်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၃၀

Mo Asia Company Ltd. Dumex က ကြီးမှူးကျင်းပသော ကလေးများ၏ ကိုယ်ခံစွမ်းအားကို မြင့်မားစေပြီး အူလမ်းကြောင်းကို ကျန်းမာစေသော အာဟာရ ဖြစ်သည့် Oligosaccharides Mixture Immunofortis ပါဝင်သော Dumex Gold Products (အရည်အသွေး မြင့်မားသော Dumex ရွှေနို့မှုန့်) မိတ်ဆက်သည့် အခမ်းအနားကို မတ် ၂၉ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီး များ ဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Mo Asia Company Ltd. မန်နေဂျင်းဒါရိုက်တာ ဦးပီတာ မိုးကျော်က အဖွင့်အမှာစကားပြော ကြားပြီး မြန်မာနိုင်ငံ ဆရာဝန်အသင်း နှင့် ကလေးကျန်းမာ ပညာအဖွဲ့တို့သို့ ငွေကျပ်နှစ်သိန်းစီကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ အက်စ်ကျော်လှနှင့် ကလေးကျန်းမာပညာအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ခင်ထွေးတို့က လက်ခံကြပြီး ပါမောက္ခ ဒေါ်ခင်ထွေးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် Immunofortis Breakthrough Launch Seminor တွင် နယ်သာလန်နိုင်ငံ Wegeningen University မှ ပါမောက္ခ Jacques G. Bindels က မိခင်နို့ရည်တွင်ပါရှိ သော ကလေးများအတွက် ကိုယ်ခံအား ကောင်းစေပြီး အူလမ်းကြောင်းကို ကျန်းမာစေသော Oligosaccharides Mixtureအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဆရာဝန်များ၏ သိလိုသော မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

(သတင်းစဉ်)

အရည်အသွေး မြင့်မားသော Dumex ရွှေနို့မှုန့်များ မိတ်ဆက်ပွဲတွင် Mo Asia Company Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးပီတာမိုးကျော် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် တိပိဋကရွေးချယ်ပွဲနှင့် ပရိယတ္တိ ပထမပြန်စာမေးပွဲများကို ခေတ်အဆက်ဆက်ကျင်းပ

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-မြန်မာ့သတင်းစဉ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားတည်တံ့ပြန့်ပွားရာတွင် ပရိယတ္တိသာသနာသည် အခြေခံကျပေသည်။ ပရိယတ္တိသည် ကန်ပေါင်၊ ပဋိပတ္တိသည် ရေနှင့်အလားတူပြီး ပဋိဝေဓသည် ကြာဖြစ်သည်ဟု ပညာရှိ သူတော်ကောင်းများက ညွှန်းဖွဲ့ခဲ့ကြသည်။ ရည်ညွှန်းချက်မှာ "ကန်ပေါင်ရှိမှ ရေရှိမည်၊ ရေရှိမှကြာရှိမည်" ဟုဆိုလိုရင်းဖြစ်သည်။

ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ အဓိကရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာ အရှည်တည်တံ့ထွန်းကားပြန့်ပွားရေးအတွက် ရှေးသာသနာပြုမင်းအဆက်ဆက်မှသည် ယခုမျက်မှောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်အထိ အမျိုး ဘာသာ သာသနာအတွက် ချီးမြှောက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ပုဂံခေတ်မှစ၍ ပိဋကတ်တော်များကို စဉ်ဆက်မပြတ် သင်ကြားပို့ချခဲ့ရာမှ တိပိဋကအာဂုံပြန်ပွဲများ၊ ရေးဖြေစာမေးပွဲများကို ခေတ်အလိုက် ပြောင်းလဲပြုလုပ်ခဲ့ကြသည်။ သီပေါမင်းလက်ထက်မှစ၍ တိပိဋကအာဂုံ ရေးဖြေစာမေးပွဲများကို နှစ်စဉ်ကျင်းပခဲ့ရာ ယခုအချိန်တိုင်ပင်ဖြစ်သည်။

ကိုယ့်မင်းကိုယ့်ချင်းဘဝမှ ကိုလိုနီဗြိတိသျှတို့ လက်အောက်သို့ ကျရောက်စဉ်ကာလ ၁၂၄၇ခုနှစ်မှစ၍ သကျသီဟ(မန္တလေး)၊ စေတိယင်္ဂဏ(ရန်ကုန်)၊ သုဝဏ္ဏဘူမိ(သထုံ)၊ သုသမာစာရ(မော်လမြိုင်)၊ ဝိနယာဓိက(ပဲခူး)၊ သုဓမ္မာ(ညောင်တုန်း)စသော ပရိယတ္တိအားပေးသော အသင်းအဖွဲ့များ၊ မလွန်ဆန်လူအသင်း စသော ပစ္စယာနုဂ္ဂဟအဖွဲ့များတည်ထောင်ခဲ့ကြကာ အမျိုးဘာသာ သာသနာအတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် သဒ္ဓါကို ဦးစားပေးလွန်းသော စာသင်၊ စာမေးခြင်းစနစ်သည် ချုပ်ငြိမ်းစပြုလာပြီး အစိုးရက နှစ်စဉ်ကျင်းပပေးနေသော အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲများ၊ နိကာယ်ဆောင်များကို မွေးထုတ်ပေးသော နိကာယ်စာမေးပွဲများ၊ တိပိဋကဓရ ရွေးချယ်ပွဲကြီးနှင့် သံယုတ္တနိကာယ် မြန်မာပြန်စာမေးပွဲ(ရန်ကုန်)၊ မဇ္ဈိမနိကာယ် မြန်မာပြန်စာမေးပွဲ(ပဲခူး)၊ သာမဏေကျော်စသော စာမေးပွဲများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပရိယတ္တိသာသနာကို တစ်ခေတ်ပြောင်းပေးလိုက်သော စာမေးပွဲကြီးများဖြစ်သည်။

အလားတူ မြန်မာသက္ကရာဇ် ၁၃၂၄ခုနှစ် နယုန်လတွင် မြန်မာနိုင်ငံရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ရာ ဂိုဏ်းပေါင်းစုံ သံဃာတော်တို့၏ မကြုံစဖူး ထူးကဲစွာ ညီညွတ်မှုရခဲ့သော အောင်ပွဲသဘင်ကြီးလည်း ဖြစ်ခဲ့သည်။

ထိုဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းဥပဒေစသော သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အခြေခံအုတ်မြစ်များကို ချမှတ်ပေးခဲ့ကာ ခေတ်နှင့်အညီ ပရိယတ္တိပညာ သင်ကြားရေးအတွက် မူကြီး(၄)ချက်ကို တညီတညွတ်တည်း ချမှတ်ပြဋ္ဌာန်းပေးခဲ့သည်။

ယင်းတို့မှာ "အကျင့်သိက္ခာ မြင့်မားစေခြင်း၊ ပိဋကတ်ကျမ်းဂန်နှံ့စပ်စေခြင်း၊ ပါဠိဘာသာ သင်ကြားတတ်မြောက်စေခြင်းနှင့် မြန်မာစာအရေးအသား တော်စေခြင်း"တို့ ဖြစ်သည်။

ပရိယတ္တိပညာရေး စီမံကိန်းနှင့်အညီ တိပိဋကဓရ ရွေးချယ်စာမေးပွဲ စည်းမျဉ်းသစ်ကိုလည်း ရေးဆွဲအတည်ပြုကာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်များနှင့် အခြားသင့်လျော်သော ဆရာတော်များထဲမှ ဆရာတော်ကိုးပါးတို့ဖြင့် တိပိဋက ဩဝါဒါစရိယ ဆရာတော်များအဖွဲ့ကို ရွေးချယ်ဖွဲ့စည်းစေပြီး တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကို ယင်းစည်းမျဉ်းသစ်များနှင့်အညီ ကျင်းပစေခဲ့သည်မှာ ၂၀၀၇ခုနှစ်တွင် (၅၉)ကြိမ် တိုင်ခဲ့ချေပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် တိပိဋကဓရ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ဘွဲ့တံဆိပ် အဆောင်အယောင်များနှင့်တကွ ချီးမြှောက်ပူဇော်ခဲ့သည်။

ယခု ၂၀၀၈ခုနှစ် ပထမပြန်စာမေးပွဲ ပထမအဆင့်ကိုလည်း မတ်လ ၂၄ရက်နေ့မှ ၃၁ရက်နေ့အထိ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပဲခူးတိုင်း(အရှေ့ပိုင်း)၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ စာဖြေဌာန ၁၇၂ဌာနတို့၌ ကျင်းပလျက်ရှိရာ ပထမငယ်တန်း၌ ၁၅၀၂၈ပါး၊ ပထမလတ်တန်း၌ ၁၂၀၉၅ပါးနှင့် ပထမကြီးတန်း၌ ၁၁၂၄၇ပါး စုစုပေါင်း ၃၈၃၇၀ပါးတို့ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။ ။



မတ် ၂၈ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သံဃာတော်များ ပထမပြန်စာမေးပွဲဖြေဆိုတော်မူကြစဉ်။

မတ် ၂၅ရက်က ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမိသားစုများ ဒဂုံမြို့နယ် ကျောင်းတိုက်အသီးသီးမှ အစိုးရပါဠိပထမပြန်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

ဆက်ကပ်လှူဒါန်း

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်ကမ်းနားလမ်း စံရိပ်ငြိမ်ကျောင်းတိုက်၌ ဆောက်လုပ်မည့် အနန္တဂုဏ်ရည် သိမ်တော်မြတ်အတွက် သုဝဏ္ဏကောက်လျှင်လမ်းမနေ (ဦးကြည်)-ဒေါ်မြညွန့်မိသားစုက သိမ်တော်မြတ်အတွက် အလှူငွေ ကျပ်နှစ်သိန်းလေးသောင်းကို စံရိပ်ငြိမ်ဆရာတော် အရှင်ဇဝန(ပဲခူး) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၃-၂၀၀၈(တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အာသဝေါတရား(၄)ပါး"တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၈း၀၅-၂း၀၅	Soccer Update
၈း၂၀-၂း၂၀	မြတ်ဗုဒ္ဓ၏ဓမ္မအမွေအနှစ်များဖြင့် ဝေဆာနေသော မြတ်ရွှေတိဂုံမဂ္ဂဇင်း
၈း၅၀-၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅-၂း၅၅	Yangon Panorama (သံပြိုင်တေးသီ ဂီတမိတ်ရဲ့ တေးသံစုံညီ)
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	မျှော်စင်ကျွန်းမှ ကျောက်ကျောလေးများ
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာခင်မျိုးဟန်နှင့်တွေ့ဆုံခြင်း)
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	အဖိုးတန်သော သဘာဝသယံဇာတမြေဟူးကောင်း
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးနှင့်ကျောက်ကပ်ရောဂါ ကာကွယ်ပါ) ပါမောက္ခဒေါက်တာဦးတိုးလွင်နှင့်တွေ့ဆုံခြင်း
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀-၅း၃၀	စိန်ရတုမှသည်…
၁၁း၄၅-၅း၄၅	ရွှေဝယ်သူများရေခပ်သွား (ထားဝယ်ရိုးရာအက)
၁၁း၅၅-၅း၅၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အနုပညာကြယ်ပွင့်သစ် မွေးဖွားလာခြင်း)
၁၂း၂၀-၆း၂၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၂း၃၅-၆း၃၅	ခြိမ့်ခြိမ့်သဲသဲဆင်ကာန္တဲ့ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အေးမြချမ်းသာမဟာစည် သင်္ကြန်အထူးတရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းမကြီး တောင်ငူလမ်းမှတ်တိုင်အနီးရှိ အေးမြချမ်းသာမဟာစည်ရိပ်သာ သင်္ကြန်အထူးတရားစခန်းကို ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ ဒုလ္လဘရဟန်း၊ သီလရှင်၊ ယောဂီများအား သင်္ကြန်အကြိုနေ့အထိ လက်ခံ၍ ဒုလ္လဘရဟန်းတစ်ပါး၊ သင်္ကန်းပရိက္ခရာစုံ ကျပ်၁၂၀၀၀၊ သီလရှင် ကျပ်၁၀၀၀၀၊ ယောဂီတစ်ရက်၊ ရေ၊ မီး၊ ဆွမ်း ကျပ် ၅၀၀နှင့် တရားစခန်း နံနက်ဆွမ်း၊ နေ့ဆွမ်း၊ အအေး လှူဒါန်းနိုင်ကြောင်း၊ ယောဂီ ၃၀၀သာလက်ခံမည်ဖြစ်၍ ကြိုတင်စာရင်းသွင်းနိုင်ကြောင်း၊ နေ့၊ ည တရားများကို အေးမြချမ်းသာ ဆရာတော် မဟာစည် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကများနှင့် ကိုးဘွဲ့ရ အရှင်အာစာရာလင်္ကာရတို့က ဟောကြားပြသမည်ဖြစ်ကြောင်း၊ အေးမြချမ်းသာ ရိပ်သာ ဖုန်း–၀၁–၅၈၅၀၄၃ သို့ ဆက်သွယ်နိုင်ကြောင်း၊ အသင်းအဖွဲ့အုပ်စုအလိုက် ဒုလ္လဘရဟန်းနှင့် သီလရှင်ဝတ်လိုသူများအားလည်း လက်ခံလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

☞ ကျောဖုံးမှ

ယင်းနောက် တိုင်းမှူးသည် ချင်းတွင်းမြစ်ရေ တိုက်စားမှုကြောင့် ပျက်စီးမှုမရှိစေရေးအတွက်ရွှေကျောင်းတော်ကြီး မြေထိန်းနံရံပြုပြင်မွမ်းမံမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ထိုမှတစ်ဆင့် ကနီမြို့နယ် ကင်းစံပြကျေးရွာသို့ ရောက်ရှိကာ ကျေးရွာအားမာန်သစ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ကနီမြို့သို့ ရောက်ရှိပြီး မြို့နယ်အစည်းအဝေးခန်းမ၌ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဉ္ဇူ ဓမ္မရိပ်သာ ကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းဆောင်တော်ကြီးအတွက် အလုံမြို့နယ် မိုးကောင်းလျှပ်စစ်ဝင်းနေ ဦးတင်အောင်–ဒေါ်ကျင်မြိုင် မိသားစုကအလှူငွေကျပ် ငါးသိန်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော်အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီနာယက ဦးမြသန်းလက်ခံယူစဉ်။(က–ပ)

သင်္ကြန်အထူး ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် မတ် ၃၀

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၄)တွင် သင်္ကြန်အထူးကဏ္ဍများနှင့်အတူ တပ်မတော်အစိုးရက ပြည်သူ့ထံသို့ အာဏာလွှဲပြောင်းရေး ဆောင်ရွက်နိုင်တော့မည်ဟု ဗိုလ်ချုပ်မှူးကြီးသန်းရွှေကပြောကြား၊ ရန်ကုန်အဲဝေးစ်က လေယာဉ်မယ်များနှင့် အခြားဝန်ထမ်းများခေါ်၊ ရုပ်မြင်သံကြားအကြည့်များလျှင် သားမြတ်ကင်ဆာဖြစ်နိုင်ခြေများ၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များကို သီးသန့်လုပ်ပိုင်ခွင့်ပေးမည့် ပထမဆုံးသော အထူးစီးပွားရေးဇုန် သုံးဇုန်တည်ဆောက်ရန်စီစဉ်နေ၊ ကွန်ပျူတာပညာသင်ကြားရန် အခက်အခဲရှိသူများ MCC ဖောင်ဒေးရှင်းက ကူညီပေးမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ခိုက်ရန်ဖြစ်ပွားကာ ငြိမ်ဝပ်ရေးကိုထိပါးလျှင်၊ ခိုးရာပါပစ္စည်းလက်ခံလျှင် ဥပဒေအရခံယူရမည့်ပြစ်ဒဏ်၊ အလုပ်နှင့်ပညာရေးလမ်းညွှန် အာရှနည်းပညာတက္ကသိုလ်တက်လိုလျှင်၊ ဝမ်းအိုဝမ်းကျော်ဝင်းမောင်၏ ကိုယ်တွေ့ဖြစ်ရပ် သမိုင်းစာမော်ကွန်း **ဘယ်ပန်းသာလို့ ယဉ်ပါသလဲ(၂)**ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာ ဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"အရပ်သားတွေနဲ့ စစ်တပ်အဖွဲ့အစည်းတွေရဲ့ ကြီးမားတဲ့ပူးပေါင်းဆောင်ရွက်မှုဟာ မရှိမဖြစ်လိုအပ်တယ်" ဆီးနိတ်တာဘာရက်အိုဘားမားနှင့် တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ သွေးသစ်လောင်းသည့် တရုတ်နိုင်ငံရေးဒီမိုကရေစီစနစ် တစ်ဆင့်ပြီးတစ်ဆင့်ဖော်ဆောင်ဖွယ်ရှိ၊ ပျိုပျိုမေတို့၏ ချစ်သူ ရွေးနည်းအသစ်၊ ဂျပန်လူမျိုးများရေချိုးစဉ် ဆဲလ်ဖုန်းအသုံးပြုမှု နှစ်ခြိုက်သဘောကျ၊ အတုအယောင် ဖူးစာဖက်အကျိုးတော်ဆောင်ကုမ္ပဏီနှစ်ခုထိုင်းရဲများ ဝင်ရောက်ဖမ်းဆီး၊ နိုင်ငံခြားပညာရေးအတွက် ဒေါ်လာ ၁၃ဘီလီယံ အိန္ဒိယနှစ်စဉ်အသုံးပြု စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

မီးဘေးကာကွယ်ရေးပညာပေး

ရန်ကုန် မတ် ၃၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အရှေ့ပိုင်းခရိုင် ဈေးများဌာနနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မီးသတ်ဖုန်နယ်မြေမှူးရုံးတို့ ပူးပေါင်းဦးဆောင်ပြီး သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးကြီးများအားလုံး ပူးပေါင်း၍ မီးဘေး ကြိုတင်ကာကွယ်တားဆီးရေးပညာပေးဟောပြောပွဲနှင့် မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို မတ် ၂၃ရက် နံနက် ၉နာရီက စံပြငမိုးရိပ်ဈေးကြီးအတွင်း၌ ကျင်းပရာ ရှေးဦးစွာ ခရိုင်မီးသတ်ဖုန်နယ်မြေမှူး ဦးစီးအရာရှိ ဦးစိုးဝင်းက မီးဘေးကြိုတင်ကာကွယ်တားဆီးရေးများနှင့် ပတ်သက်၍ ပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်က လက်တွေ့မီးငြှိမ်းသတ်နည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသပြီး မီးလောင်မှုတို့ကို စံပြငမိုးရိပ်ဈေးကြီးတာဝန်ခံ ဦးဝင်းနိုင်ဦး၊ သဃ်န်းကျွန်းဈေးကြီးတာဝန်ခံဒေါ်မေမေလွင်နှင့် စည်ပင်သာယာဈေးကြီးတာဝန်ခံများ၊ ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများနှင့် ပူးပေါင်း၍ လက်တွေ့ မီးငြှိမ်းသတ် သရုပ်ပြကြသည်။

ယင်းနောက် ခရိုင်မီးသတ်ဖုန်နယ်မြေမှူးနှင့် အဖွဲ့က ဈေးကြီးအတွင်း မီးသုံးစွဲမှုနှင့် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ တာဝန်ရှိသူတို့အား ဆွေးနွေးမှာကြားခဲ့သည်။ **(အောက်ပုံ)** (၅၀၆)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် မတ် ၃၀

၂၀၀၈ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (ဂ)အဆင့်၊ (ခ)အဆင့်၊ (က)အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (ကြေးမုံ)

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။ ဖွင့်ပွဲတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများ အားကစားအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

ယနေ့ပွဲ စဉ်များအဖြစ် (ဂ)အဆင့် ဖလိုင်းဝိတ်တန်း၊ ဖယ်သာဝိတ်တန်း၊ လိုက်ဝိတ်တန်း၊ ဝယ်တာဝိတ်တန်းနှင့် (ခ)အဆင့် ဘင်တန်ဝိတ်တန်း၊ ဖယ်သာဝိတ်တန်း၊ စုစုပေါင်း (၈)ပွဲကျင်းပသည်။ (ဂ)အဆင့် ဖလိုင်းဝိတ်တန်းတွင် ဟိန်းကိုလတ် (ဘိုကလေး) က နေလင်းထွန်း (ပြည်ထဲရေး)ကို (၂၆–၁၅)မှတ်၊ ဖယ်သာဝိတ်တန်း တွင် အောင်ထွန်း (ရှမ်း/တောင်)က အောင်မင်းထွန်း (ပြည်ထဲရေး)ကို (၁၃–၁)မှတ်၊ ပြည်ငြိမ်းအောင် (တပ်မတော်–လေ)က သိန်းထွန်းကျော် (ဖြူးမြို့နယ်)ကို (၁၃–၁၂) မှတ်တို့ဖြင့်အနိုင်ရရှိသွားကြသည်။

အဆိုပါပြိုင်ပွဲတွင် အသင်း(၁၄)သင်းမှ အားကစားသမား ၉၃ဦး ပါဝင်ယှဉ်ပြိုင်နေပြီး ဧပြီ ၂ရက်အထိ ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ နေ့စဉ် ညနေ ၃နာရီမှ စတင်မည်ဖြစ်ပြီး လက်ဝှေ့အားကစား ဝါသနာရှင်များ အခမဲ့ ကြည့်ရှုနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဖယ်သာဝိတ်တန်း (ဂ)အဆင့်ပြိုင်ပွဲတွင် သိန်းထွန်းကျော် (ဖြူးမြို့နယ်) (ယာ) **နှင့် ပြည်ငြိမ်းအောင်(တပ်မတော်–လေ)** (ဝဲ)**တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။** (ကြေးမုံ)

ပရီမီယာလိဂ်ပွဲစဉ် (၃၂) မန်ယူ၊ အာဆင်နယ်နှင့် ချယ်လ်ဆီးအနိုင်ရ

လန်ဒန် မတ် ၃၀

ပရီမီယာလိဂ် ပွဲစဉ်(၃၂) ဘောလုံးပြိုင်ပွဲများကို ယမန်နေ့နှင့် ယနေ့တို့တွင် ကျင်းပရာ ယမန်နေ့က ကျင်းပသည့် လက်ရှိချန်ပီယံ မန်ချက်စတာယူနိုက်တက်နှင့် အက်စတွန်ဗီလာတို့ပွဲတွင် မန်ယူက ဂိုးပြတ်သွင်းယူကာ လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ဗယားထိပ်၌ဆက်လက်ရပ်တည် ဦးဆောင်လျက်ရှိသည်။

မန်ယူအတွက် ဂိုးများကို ရော်နယ်ဒို၊ တီဗက်စ်နှင့် ဝိန်းရွန်းနေ (နှစ်ဂိုး) တို့က သွင်းယူခဲ့သည်။

အာဆင်နယ်နှင့် ဘော်လ်တန်တို့ပွဲတွင် အာဆင်နယ်က တစ်ယောက် အထုတ်ခံရပြီး ၁၀ဦးတည်းဖြင့် ကစားရင်း သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရသွားသည်။ အခြားပွဲစဉ်များတွင် ဒါဘီနှင့် ဖူလ်ဟမ်တို့ နှစ်ဂိုးစီသရေကျပြီး ဘာမင်ဂမ်က မန်စီးတီးကို သုံးဂိုး–တစ်ဂိုး၊ ပို့စ်မောက်က ဝီဂန်ကို နှစ်ဂိုး–ဂိုးမရှိ၊ ဆန်းဒါးလန်းက ဝက်စ်ဟန်းကိုနှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကြသည်။

ယနေ့ ကျင်းပသည့်ချယ်လ်ဆီးနှင့် မစ်ဒယ်ဘရော့တို့ပွဲ တွင် ချယ်လ်ဆီးက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အင်တာနက်။

မှုခင်းသတင်းများ

တိုက်ရေ့ပြုတ်၍ ကားချောက်ထဲကျ၊ သုံးဦးသေဆုံးပြီး ၂၅ဦးဒဏ်ရာရ

မိတ္ထီလာ မတ် ၁၂

မိတ္ထီလာခရိုင် သာစည်မြို့နယ် ယင်းမာပင်ရဲစခန်းအပိုင် မိတ္ထီလာ–တောင်ကြီးကားလမ်း မိုင်တိုင်အမှတ် ၄၇/၀ ကြပ်စခန်းကျေးရွာအနီးတွင် ခရီးသည်တင် မှန်လုံကားတစ်စီး တိုက်ရေ့ပြုတ်၍ ချောက်ထဲထိုးကျရာ ခရီးသည်သုံးဦး ပွဲချင်းပြီးသေဆုံး၍ ကျန်ခရီးသည် ၂၅ဦးတို့မှာ ဒဏ်ရာအသီးသီးရရှိသွားသည်။

ဖြစ်ပွားပုံမှာ မတ် ၁၁ရက်နံနက်က တောင်ကြီးမြို့ အေးသာယာမြို့သစ်နေ ဦးစိန်ဝင်း (၄၆)နှစ်မောင်းနှင်သော ချစ်ကြည်ရေး မှန်လုံခရီးသည်တင်ကား အမှတ် ၂ခ/၁၁၇၃သည် တောင်ကြီးမြို့မှ ခရီးသည်များတင်ဆောင်ပြီး မိတ္ထီလာမြို့သို့မောင်းနှင်လာရာမှ ကြပ်စခန်းကျေးရွာအလွန် မိုင်တိုင်အမှတ် ၄၇/၀ အရောက်တွင် ကားမှာတိုက်ရေ့ပြုတ်၍ ယာဘက်ရှိ ပေ ၃၀ခန့် နက်သည့် ပခက်အိုင်ချိုင့်ထဲသို့ ထိုးကျတိမ်းမှောက်သွားသည်။

ကားချောက်ထဲကျတိမ်းမှောက်မှုကြောင့် ရှာင်မြို့ မင်းတိုင်ပင်ရွာနေ ဒေါ်လှသီ ၆၂နှစ်၊ အောင်ပန်းမြို့ အေးမြင့်သာယာရပ်နေ ပွဲရုံလုပ်သား စိုးလွင် ၂၉နှစ်နှင့် မင်းမင်း နေရပ်လိပ်စာ စုံစမ်းဆဲတို့မှာ နေရာတွင်ပင်သေဆုံးသွားသည်။ ခရီးသည် ကျား ၁၇ဦးနှင့် မရှစ်ဦးတို့မှာ ဒဏ်ရာများရရှိသွားသည်။ ယင်းမာပင်စခန်းမှူး ရဲအုပ်မြင့်ထွန်းဦးနှင့် တာဝန်ရှိသူများက ကားမှောက်သည့်နေရာသို့သွားရောက်ပြီး လူနာများကို ယင်းမာပင်ဆေးရုံသို့ တင်ပို့လိုက်သည်။ စိုးရိမ်ရသည့် ကျားလူနာခြောက်ဦးနှင့် မလူနာငါးဦးတို့အား သာစည်ဆေးရုံသို့ လွှဲပြောင်းပေးလိုက်သည်။ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်းစိန်ဝင်း ၄၆နှစ်အား ယင်းမာပင်ရဲစခန်းမှူး ရဲအုပ်မြင့်ထွန်းက တရားလိုပြုလုပ်ပြီး ရဲစခန်း(ပ)၃၁/၂၀၀၈၊ ပုဒ်မ ၃၀၄(က)၃၃၇/၃၃၈ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၁၁)

ယာဉ်နောက်လိုက်၏လက်ချက် ခရီးသည်ကိုယ်ဝန်ပျက်ကျရ

ရန်ကုန် မတ် ၃၀

မတ် ၂၂ရက် နံနက် ၈နာရီမိနစ် ၄၀က ဥက္ကံမြို့နေ မနီနီဝင်းသည် ခင်ပွန်းဖြစ်သူနှင့်အတူ ရန်ကုန်–လက်ပံတန်း ခရီးသည်တင်ယာဉ် အမှတ်(ပ/၉၀၀)ဖြင့် ကြက်ခြင်းများတင်ဆောင်လိုက်ပါလာခဲ့ရာ ဥက္ကံမြို့ စစ်မှုထမ်းဟောင်း ကားဂိတ်အရောက် ကားပေါ်မှဆင်းစဉ် ယာဉ်နောက်လိုက် ကျော်ဝေဖြိုးနှင့် ယာဉ်စီးခတောင်းခံသည့်ကိစ္စနှင့် ပတ်သက်၍ စကားများရန်ဖြစ်ရာ ကျော်ဝေဖြိုးက ညစ်ညမ်းစွာဆဲဆိုပြီး တုတ်ဖြင့်ရိုက်မည်ပြုလုပ်စဉ် တုတ်အဖျားနှင့် မနီနီဝင်း၏ ကိုယ်ဝန်နှစ်လခန့်ရှိ ဗိုက်အားထိခိုက်မိပြီး ကိုယ်ဝန်ပျက်ကျခဲ့သဖြင့် ယာဉ်နောက်လိုက် ကျော်ဝေဖြိုးအား ဥက္ကံရဲစခန်း က (ပ)၆၂/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၄/၃၂၅/၃၁၂ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းအယောင်ဆောင် လိမ်လည်နေသူကို အရေးယူ

ရန်ကုန် မတ် ၃၀

မတ် ၂၄ရက် နံနက် ၁၀နာရီခွဲက ဆိပ်ကမ်းမြို့နယ် ယမုံနာဆိပ်ကမ်းရှိ ရန်ကုန်တိုင်းပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနရုံးသို့ ခရီးသည်တင်ယာဉ်လိုင်စင်လျှောက်ထားရန် ရောက်ရှိလာသည့် ၂ခ/၅၃၃၅ နီဆန်းမီနီဘတ်စ်ယာဉ်၏ ကိုယ်စားလှယ်ဦးစန်းလွင်ထံမှ စိုးနိုင် (၈/ရပ်ကွက်၊ လှိုင်သာယာ)နေသူက ၎င်းသည် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှဖြစ်ကြောင်း ပြောဆိုကာ ငွေကျပ် ၆၀၀၀၀အား တောင်းယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

ဝန်ထမ်းအယောင်ဆောင် ငွေတောင်းယူသူ စိုးနိုင်ကို ဆိပ်ကမ်းရဲစခန်းက (ပ) ၅၁/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၀ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁–၃–၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၇:၅၀ ၅။ **"မြူတိမ်ကင်းသောနေ့" (ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ ပုလဲဝင်း) [ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)]**
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြန်မာ့ရိုးရာ တောလေ့ကျေးလက်တေးသံသာများ
၄:၂၅ ၃။ English for Every day Use.
၄:၄၀ ၄။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၅:၁၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၃၀ ၈။ နားဝင်ပီယံ သုံ့လက်သံ
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ "အလှရှာမယ် လှကမ္ဘာဝယ်"
၇:၀၀ ၁၃။ ကြေးမုံရိပ်သွင် တေးနှယ်ဉ်
၇:၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်–ချစ်တယ်" (အပိုင်း–၁၀)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ မေဆွိ၏တေးများ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျဉ်းပြိုင်"(အပိုင်း–၁၄)**
၂၀။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သမိုင်းဝင် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး၌ မတ် ၂၆ ရက်တွင် (၂၃)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြင့်၊ ပွဲတော်ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးကြည်မောင်နှင့် ကျိုက္ကဆံ အနောက်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရင်လင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (က-ပ)

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်က ကြိုတင်ပြင်ဆင်လေ့ကျင့်ပေးလျက်ရှိ

ရန်ကုန် မတ် ၃၀

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှု၊ အားကစားနှင့်ကာယပညာ ဦးစီးဌာန၏ ကြီးကြပ်မှုနှင့် မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၏ စီမံခန့်ခွဲမှုတို့ဖြင့် ၂၀၀၉ ခုနှစ် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ဂျူဒိုအားကစားမောင်မယ်များ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အလားအလာရှိသော ဂျူဒိုအားကစားသမားများအား စုစည်း၍ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီမှစတင်၍ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ လေ့ကျင့်ပေးလျက်ရှိသည်။

ထို့အပြင် မြန်မာဂျူဒိုအားကစား တိုးတက်ဖွံ့ဖြိုးပြန့်ပွားစေရန် အဓိကရည်ရွယ်ချက်ဖြင့် ဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်း၊ စစ်ဌာနချုပ်တို့မှ ဂျူဒိုနည်းပြ ၆၀ ပါဝင်သော ဂျူဒို နည်းပြဆရာ သင်တန်းကို ဂျပန်နိုင်ငံမှ အဆင့်မြင့် ဂျူဒိုနည်းပြဆရာ သုံးဦးဖြင့် မတ် ၁၀ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏမြို့ရှိ GOAL HOTEL ၌ ဖွင့်လှစ်၍ စာတွေ့လက်တွေ့ သင်ကြားခဲ့သည်။

ဂျူဒိုနည်းပြဆရာ သင်တန်း၏ လက်တွေ့သင်တန်းကို မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပလျက်ရှိရာ ဂျပန်နိုင်ငံမှ အဆင့်မြင့် နည်းပြဆရာများက ဂျူဒိုနည်းစနစ်ပိုင်းနှင့် ဂျူဒိုအားကစားနည်း၊ ဥပဒေများကို ဟောပြောပို့ချသည့်အပြင် နည်းစနစ်ပိုင်းများကို အခြေခံအဆင့်မှ အဆင့်မြင့်အဆင့်အထိ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိသည်။

(ကြေးမုံ)

မွန်ပြည်နယ် နယ်စပ်ဒေသအိမ်တွင်းမှု သင်တန်းကျောင်းများ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မတ် ၃၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ မွန်ပြည်နယ် မုဒုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၉)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၆)နှင့် အိမ်တွင်းမှုလက်မှုသင်တန်း(ကြိမ်/ဝါး) အမှတ်စဉ် (၃) သင်တန်းဆင်းပွဲများကို မတ် ၂၀ ရက်တွင် မုဒုံမြို့ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဆင်းပွဲသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းဆင်းပွဲသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ပြီး သင်တန်း အသီးသီးသို့ သင်တန်းသူ ၆၀ တက်ရောက်ကြသည်။

အလားတူ မွန်ပြည်နယ် ရေးမြို့၊ တနင်္သာရီတိုင်း မြိတ်နှင့် ကော့သောင်းမြို့၊ ရခိုင်ပြည်နယ် မောင်တောမြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း သင်တန်းဆင်းပွဲများကိုလည်း အသီးသီးကျင်းပကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ဂျပန်ဂျူဒိုနည်းပြဆရာက မြန်မာဂျူဒိုနည်းပြများအား လက်တွေ့သင်ကြား ပြသနေစဉ်။ (ဂျူဒိုအဖွဲ့ချုပ်)

မုဒုံမြို့နယ်အသင်း(ရန်ကုန်) ဂုဏာပူဇာသဘင် အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃၀

သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုဒုံမြို့နယ်ဖွား ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မြစပါယ်လမ်းရှိ ဝိဇ္ဇောတာရုံစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တမေတ္တေယျနှင့် မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မုဒုံမြို့ မြို့မ(၁)ရပ်ကွက် ပုပ္ဖာရာမပေါ်တော်မူစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တသီဟရာဇာ ဆရာတော်နှစ်ပါးအား မုဒုံမြို့နယ်အသင်း (ရန်ကုန်)၏ သတ္တမအကြိမ် ဂုဏာပူဇာသဘင်အခမ်းအနားကို မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံ စာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တမေတ္တေယျထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မုဒုံမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ကြည်ထွန်း (ငြိမ်း)နှင့် အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများ၊ အလှူရှင်များက ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆရာတော်နှစ်ပါး၏ ထေရုပ္ပတ္တိများ၊ ချီးကျူးပူဇော်ပွဲ ကျင်းပရခြင်း အစီအစဉ်များကို ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယ ဗိုလ်မှူးကြီး အေးကျော်(ငြိမ်း)နှင့် ဦးသာလှတို့က ရှင်းလင်းပြောကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

ဟင်္သာတ GTI ကျောင်းသား၊ ကျောင်းသူဟောင်းများ စုပေါင်း၍ ၁၉၈၂ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို မေလအတွင်း ရန်ကုန်မြို့တွင် ကျင်းပရန် စီစဉ်ထားပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါကကိုဇော်ထွန်း ၀၉၅၀၂၇၈၉၇၊ ကိုဇော်ဌေး၀၉ ၅၁၀၀၀၃၂၊ ကိုဌေးကြိုင် ၀၉၅၁ ၃၅၇၀၉၊ ကိုထိပ်တင်ထွဋ် ၀၉၅၁ ၃၁၉၆၃၊ နန့်အေးအေးသန်း ၀၁ ၃၉၆၀၆၃၊ ကိုစတင်ဝင်း ၀၁ ၇၁၀၄၅၇၊ ကိုတင့်ဆွေ ၀၉ ၅၁၂၁၆၂၄၊ ကိုသန့်လွင်ဦး ၀၉ ၅၁၀၄၈၂၁ နှင့် ကိုကျော်မင်းအေး ၀၉ ၅၁၅၈၆၇၉ တို့ကို ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

လမ်းမပေါ်ကျူးကျော်ဈေးရောင်းချမှုတားဆီးပေးပါ

စာတည်းခင်ဗျား-

ပဲခူးတိုင်း တောင်ငူမြို့ (၁၉)ရပ်ကွက် ရိပ်သာလမ်းမှသုခလမ်းဆုံအထိကတ္တရာလမ်းတစ်လျှောက်တွင် စည်းကမ်းမဲ့ ဈေးရောင်းချလျက်ရှိရာ **(အပေါ်ပုံ)** လမ်းပိတ်ဆို့နေသဖြင့် ယာဉ်နှင့် ခရီးသွားများ အနှောင့်အယှက်ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ လမ်းမပေါ်အထိ ကျူးကျော်ဈေးရောင်းနေခြင်းကို တားဆီးပေးပါရန်တင်ပြအပ်ပါသည်။ **လမ်းရှင်းစေလိုသူ**

ရေလုံလောက်စွာပေးဝေပါ

စာတည်းခင်ဗျား-

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၆ လမ်း(၂၇လမ်းနှင့်၂၈လမ်းအတွင်း)၊ ဆင်နှစ်ကောင် ဝဲယာ ကိုင်းတန်းဈေးတွင် ရေပေးဝေမှု အချိန်နည်းခြင်း၊ ရေတွန်းအားနည်းခြင်းတို့ကြောင့် ဈေးသူ၊ ဈေးသားများ ရေအခက်အခဲ ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ ဈေးသားများ

အလူမီနီယံပြားဖြတ်တောက်သံ ပတ်ဝန်းကျင်ဆူညံ

စာတည်းခင်ဗျား-

ဧရာဝတီတိုင်း မြောင်းမြမြို့ အမှတ်(၂)ရပ်ကွက် ၃ လမ်းရှိ အိမ်တစ်အိမ်တွင် အလူမီနီယံလုပ်ငန်းတစ်ခု လုပ်ကိုင်လျက်ရှိရာ အလူမီနီယံများ ဖြတ်တောက်သံဆူညံလျက်ရှိသည့်အပြင် ဆောင်းဘောက်ဖြင့် ကျယ်လောင်စွာ ကက်ဆက်ဖွင့်နေခြင်းကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မြောင်းမြသား**

ငုံးမွေးမြူရေးခြံ အနံ့ဆိုးနံ့

စာတည်းရှင့်-

ရန်ကုန်မြို့မင်္ဂလာဒုံမြို့နယ်ရဲစုတောင်ရပ်ကွက်တွင် ငုံးမွေးမြူရေးခြံများရှိရာ အညစ်အကြေးများနှင့် အနံ့အသက်ဆိုး များကြောင့် ပတ်ဝန်းကျင်နေသူများကျန်းမာရေးထိခိုက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ငုံးမွေးမြူရေးခြံမှ အနံ့ဆိုးများ ကင်းဝေးစေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ငုံးချေးနံ့ မခံနိုင်သူများ

မော်တော်ယာဉ်စီးရေ တိုးဆွဲပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မှ ကီလီသို့ မော်တော်ယာဉ်လိုင်းအမှတ် (၁၈၀) ပြေးဆွဲခဲ့သော်လည်း ယခုအခါ ပြေးဆွဲခြင်းမရှိတော့ပါ။ လက်ရှိပြေးဆွဲနေသော အမှတ်(၃၉)ဟိုင်းလပ်စ် (အဖြူရောင်)မှာလည်း ငါးစီးခန့်သာရှိပါသဖြင့် (၂၆)ရပ်ကွက်၊ (၁၈)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာနှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့မှ ပြည်သူများ ခရီးသွားလာရာတွင် အခက်အခဲကြုံတွေ့ကြရပါသည်။ သို့ဖြစ်ပါ၍ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသွားများ

လမ်းဘေးမှ ဈေးတန်း ရှင်းလင်းပေးပါ

စာတည်းရှင့်-

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်အထက်လမ်း လူသွားစင်္ကြံတစ်လျှောက်တွင် နေ့စဉ် ချက်ပြုတ်ကြော်လှော် ဈေးရောင်းချလျက်ရှိရာ ပတ်ဝန်းကျင်နေသူများ နေ့စဉ်ညှော်နံ့ ရှူရှိုက်နေကြရသည့်အပြင် ဈေးရောင်းထိုင်ခုံများ လမ်းပေါ်အထိ ခင်းကျင်းချထားသောကြောင့်ခရီးသွားများ အနှောင့်အယှက် ဖြစ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လမ်းဘေးတစ်လျှောက် ဈေးရောင်းချနေခြင်းကို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ၊ လမ်းသားများ**

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

မိလ္လာပိုက်နှင့်ရေပိုက်များပြုပြင်စေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက် သိမ်ဖြူလမ်း (အောက်) တိုက်အမှတ် (၆၃ မှ ၆၇)၊ ၄၄လမ်း(အောက်) တိုက်အမှတ်-၂၀ မှ ၂၂ နောက်ဖေးလမ်းကြားတွင် ပိုက်များပြုတ်ကျ၍ ရေများပန်းထွက်နေခြင်း၊ မိလ္လာပိုက်နှင့် ကန်များ မလုံခြင်း၊ အမှိုက်ပုံကြီးများ ဖြစ်နေခြင်းတို့ကြောင့် ကျန်းမာရေးနှင့် သန့်ရှင်းမှုကို ထိခိုက်နေပါသည်။

သို့ဖြစ်ပါ၍ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

ခွေးလေခွေးလွင့်များရှင်းလင်းပြီး

၂၄-၂-၂၀၀၈နေ့ထုတ် ကြေးမုံသတင်းစာပါ မိတ္ထီလာမြို့ ဈေးပတ်ဝန်းကျင်နှင့် ရပ်ကွက်မှ **ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ရပ်ကွက်အတွင်းမှသစ်ခွဲစက်သံ ရှင်းလင်းပြီးစီး

၂၄-၂-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အေးမြကြည်လင်အုပ်စု တံစိုးဂိတ်ရပ်ရှိ **သစ်ခွဲစက်သံ၊ ခွဲပြီးသစ်နှင့် သစ်လုံးများ တင်ချသံဆူညံ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်သစ်တောဦးစီး

တော်ကူး မဟာသတိပဋ္ဌာန်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် မတ် ၃၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မင်္ဂလာရာမ မွန်ကျောင်းတိုက်၏ (၂၆)ကြိမ်မြောက် တော်ကူး မဟာသတိပဋ္ဌာန် ဝိပဿနာ(၁၀)ရက်စခန်း အလုပ်ပေးတရားပွဲကို (တန်ခူးလဆန်း ၂ ရက်မှ ၁၂ ရက်) ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မဟာစည် သာသနာ့ရိပ်သာ ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကမ္ဘာ့သာသနာပြု ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ နည်းနိဿယ ဩဝါဒခံယူတော်မူသော မုဒုံမြို့နယ် တော်ကူး မဟာသတိပဋ္ဌာန် ဝိပဿနာကျောင်း မူလဆရာတော်ကြီး၏ တပည့်ဖြစ်သော မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မင်္ဂလာရာမ မွန်ကျောင်းတိုက်၏ ဆရာတော် ဘဒ္ဒန္တ ကေတုမာလာ ဦးဆောင်ညွှန်ကြားဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီသူတော်စင်များသည် ဧပြီ ၇ ရက် ညနေ ၄ နာရီအရောက် လာရောက်ကြပါရန်နှင့် တရား စခန်းဝင်လိုသူများနှင့် အလှူဒါန ပြုလုပ်လိုသူများ ဖုန်း-၆၃၈၄၁၄၊ ဖုန်း-၆၃၈၃၂၅၊ ဖုန်း-၀၉-၅၀၃၇၆၆၇ သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ (က-ပ)

မြောင်းမြ အထက(၅) ရွှေရတုနှင့် ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၃၀

မြောင်းမြ အထက(၅) မြတ်ဆရာပူဇော်ပွဲနှင့်ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲကို ဧပြီ ၅ရက် (စနေနေ့)တွင်လည်းကောင်း၊ မြောင်းမြ အထက(၅) ဖွင့်လှစ်ခဲ့သည့် နှစ် (၅၀)ပြည့် ရွှေရတု အထိမ်းအမှတ် ကျောက်စာတိုင်ဖွင့်ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေ)နေ့တွင်လည်းကောင်း မြောင်းမြမြို့ အထက (၅)တွင် ကျင်းပမည်ဖြစ်သည်။ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရန်ကုန်မြို့ ဦးခင်မောင်အေး ဖုန်း-၀၁-၂၉၁၃၇၉၊ ဦးကြည်ဇင် ဖုန်း-၀၁-၇၂၄၈၂၀၊ ဦးအုန်းမြင့် ဖုန်း-၀၉-၅၁ ၆၁၆၂၃နှင့် ဦးမြင့်အေး ဖုန်း-၀၉-၅၀- ၃၁၆၄၀၊ မြောင်းမြမြို့ ဦးဘိုဖြူ (ကျင်းပရေးကော်မတီရုံး) ဖုန်း-၀၄၂-၇၀၀၄၃၊ ဦးဝင်းဆွေ(ရဲရင့်စာပေ) ဖုန်း-၀၄၂-၇၁၂၃၉၊ ဦးဝမ်ကြည် ဖုန်း-၀၄၂-၇၀၂၃၄၊ ၀၄၂-၇၁၃၁၁ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၀၈ ခုနှစ် မတ်လ(၂၆)ရက်နေ့ ညောင်နှစ်ပင်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဇုန်၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသော မြို့နယ်ပေါင်းစုံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု ပြပွဲပြိုင်ပွဲတွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရာ၌ တိုကျိုသဘာဝမြေဆွေးမြေဩဇာနှင့် တိုကျိုပိုးသတ်ဆေးတို့ကို အသုံးပြုပြီး ပထမဆုဆွတ်ခူးရရှိသွားသော **ဦးခင်ထွန်း** အား တိုကျိုသဘာဝမြေဆွေးမြေဩဇာထုတ်လုပ်ရေးမိသားစုမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း-

တိုကျိုသဘာဝမြေဆွေးမြေဩဇာ
ဖြန့်ဖြူးထုတ်လုပ်ရေးမိသားစု
မတလ/လတ်/၃၀၁၉ (စက်မှုမှတ်ပုံတင်)
၁၅၁၅(၅) တ-ထ ၂၇/၂၀၀၅ (၄၅၂)
အမှတ်(B-63)၊ ကံ့ကော်လမ်းသွယ်(၄)၊ ဘုရင့်နောင်ပွဲရုံတန်း
Ph-681062

Farm Link Company Limited.

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

1. Area Sale Manager (၃) ဦး
2. Sale Admin (၃) ဦး
3. Admin Supervisor (၁) ဦး
4. Chief Account (၁) ဦး
5. Financial Manager (၁) ဦး
6. Assistant Accountant (၂) ဦး
7. Sale Supervisor (၅) ဦး

အမှတ်စဉ်(၁)အတွက် လျှောက်ထားသူသည် ဘွဲ့ရဖြစ်ရမည်၊ Area Sale Manager အတွေ့အကြုံ (၂)နှစ်ရှိရမည်၊ အသက် (၂၅-၃၅)ကြား၊ သွက်လက်ဖျတ်လတ်၍ လွတ်လပ်စွာ ခရီးသွားလာနိုင်ရမည်၊ ကားနှင့်ဆိုင်ကယ်မောင်းတတ်ရမည်၊

အမှတ်စဉ်(၂)နှင့်(၆)အတွက် လျှောက်ထားသူသည် LCCI (or) B.Com ဘွဲ့ရဖြစ်ရမည်၊ အသက် (၂၀-၃၀)နှစ်ကြား၊ Excel ကျွမ်းကျင်ရမည်၊

အမှတ်စဉ်(၃)အတွက် လျှောက်ထားသူသည် ဘွဲ့ရဖြစ်ရမည်၊ လုပ်ငန်းအတွေ့အကြုံ (၁)နှစ်ရှိရမည်၊ အသက် (၂၅-၃၅)ကြား ဖြစ်ရမည်၊

အမှတ်စဉ်(၄)နှင့်(၅)အတွက် လျှောက်ထားသူသည် B.Com C.P.A ဘွဲ့ရဖြစ်ရမည်၊ လုပ်သက် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်ဖြစ်ပြီး Computer Accounting ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်၊

အမှတ်စဉ်(၇)အတွက် လျှောက်ထားသူသည် ဘွဲ့ရဖြစ်ရမည်၊ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိပြီး၊ ခရီးသွားလာနိုင်ရမည်၊

အထက်ပါနေရာများအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ လိုင်စင်ဓါတ်ပုံ(၁)ပုံ၊ ပညာရေး အထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ (၁၄)ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်သေတ္တာအမှတ် (၁၃၉၈)သို့ ပေးပို့၍သော်လည်းကောင်း လျှောက်ထားနိုင်ပါသည်၊

အမှတ်(၁၆)၊ ရွှေစံပါယ်ရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၅၀၀၅၁၀၂၊ ၅၃၀၈၀၅၊

ဓမ္မစေတီ ဓမ္မသဘင်

ရန်ကုန် မတ် ၃၀

မင်းကွန်းတောင်ရိုး ဓမ္မစေတီ ပရိယတ္တိကျောင်းတိုက် ဓမ္မစေတီ ဖောင်ဒေးရှင်း၏ ဦးဆောင်ပဓာနနာယက (၁၀)ဘွဲ့ရ မင်းကွန်း ဓမ္မစေတီဆရာတော် ဦးနာဂိန္ဒသည် ဧပြီ ၁ ရက်တွင် ကြက်တစ်ကောင်၊ ၂ ရက်တွင် ကျွန်းကုန်း၊ ၃ ရက် နန့်စီးအောင်၊ ၄၊ ၅ ရက်များတွင် မိုးညှင်း၊ ၆ရက်တွင် ညောင်ကုန်း၊ ၇ ရက်တွင် လယ်မီး၊ ၈ရက်တွင် နတ်မွန်း၊ ၉၊ ၁၀ ရက်တွင် ဝေခါ၊ ၁၁၊ ၁၂၊ ၁၃ ရက်များတွင် ဟောင်ပါး၊ ၁၄၊ ၁၅၊ ၁၆ရက်များတွင် စိုင်းတောင်၊ ၁၇ ရက်တွင် ရှူဒူစွတ်၊ ၁၈၊ ၁၉ရက်များတွင် ကောင်တာ၊ ၂၀၊ ၂၁၊ ၂၂ ရက်များတွင် တုမ္ဗနီ၊ ၂၃၊ ၂၄ ရက်များတွင် အင်းကြော၊ ၂၆ ရက်တွင်မိုးကောင်း၊ ၂၇၊ ၂၈ရက်များတွင် မြစ်ကြီးနား (ရန်ကြီးအောင်ဓမ္မာရုံ)၊ ၂၉၊ ၃၀ ရက်များတွင် မြစ်ကြီးနားမြို့သစ် ဓမ္မာရုံတို့၌ တရားတော်များဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ တရားပွဲရရှိပြီးသူများသည် ဖုန်း-၀၂-၆၅၃၇၆၊ ၀၉-၂၀၂၄၅၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

အမြန်ဆက်သွယ်ပါ

ဦးအောင်ဇေယျ (ဖားကန့်) အမြန်ဆက်သွယ်ပါ။ **မာမီ (မော်ဘီ)**

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ CNG ဓာတ်ငွေ့အရောင်းဆိုင် အမှတ် (၀၀၄) တွင် မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြပွဲကို အဆိုပါ CNG ဓာတ်ငွေ့အရောင်းဆိုင်၌ ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းက မြောက်ပိုင်းခရိုင်အတွင်းရှိ ဆိုင်မန်နေဂျာများနှင့် ဝန်ထမ်း ၁၁၀ အား မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြနေစဉ်။ (၅၄)

ကွာရှင်းပြတ်စဲခြင်း

ကျွန်တော်ဦးမျိုးဆင့် [၆/မအရ(နိုင်)၀၄၂၅၉၀]နှင့် ဒေါ်ကြည်ကြည်ဝေ [၆/မအရ (နိုင်)၀၂၆၄၀၅] တို့သည် တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ပါ၍ ဒေါ်ကြည်ကြည်ဝေနှင့် ပတ်သက်သောကိစ္စများ ကျွန်တော်နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

ဦးမျိုးဆင့် [၆/မအရ(နိုင်) ၀၄၂၅၉၀]

တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်

နေပြည်တော် မတ် ၂၀

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးပြည်ကြီးတံခွန်မြို့နယ် စက်မှုပန်းခြံလမ်း (၆၂လမ်းမှ ရန်ကုန်–မန္တလေးလမ်း)ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း လမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းသစ်မုခ်ဦးထိပ်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့်ဇနီး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ လမ်းဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးဦးမောင်ပုက လမ်းသစ်နှင့် ပတ်သက်၍ရှင်းလင်းတင်ပြပြီး လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစံတင်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တိုင်းမှူး၊ မြို့တော်ဝန်နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းမှူးသည် လမ်းသစ်ကို လိုက်လံကြည့်ရှုသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ စက်မှုပန်းခြံလမ်း (၆၂လမ်းမှ ရန်ကုန်–မန္တလေးလမ်းအထိ)ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းတိုးချဲ့ခြင်းနှင့် ထပ်ပိုးလွှာတင်ခြင်း လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ယင်းနောက် တိုင်းမှူးသည် အဆိုပါလမ်းသစ်အနီးရှိJewellery Luck Co., Ltd.သစ်အချောထည်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ တိုင်းမှူးသည် မဟာအောင်မြေမြို့နယ် (၃၅)လမ်းနှင့် သိပ္ပံလမ်းကြား၊ (၆၂)လမ်းကြား ကတ္တရာလမ်းသစ်တိုးချဲ့သည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လမ်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

နံနက်၉နာရီခွဲတွင် တိုင်းမှူးသည် ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်း ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းက ၂၀၀၈ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပေးပို့သည့် မိန့်ခွန်းအား ဖတ်ကြားတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဆိုပါခန်းမအတွင်း တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသည့် ဓာတ်ပုံ၊ ပိုစတာများ၊ တီဘီရောဂါကု ဆေးဝါးနမူနာများ၊ တီဘီရောဂါရှာဖွေကုသမှု အဏုကြည့်မှန်ပြောင်းများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိခဲ့သည်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး မုံရွာ–ယာကြီး–ကလေးဝလမ်းပြုပြင်မှု ကြည့်ရှုစစ်ဆေး ရာသီမရွေးသွားလာနိုင်ရေး၊ စံချိန်စံညွှန်းမီသတ်မှတ်ချိန်အတွင်းပြီးစီးရေး မှာကြား

နေပြည်တော် မတ် ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၄ ရက်က မုံရွာ–ယာကြီး–ကလေးဝလမ်း မိုင်တိုင်အမှတ် (၂၆)ရှိ တိုင်းကြက်ဆူအထူးဇုန်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကနီမြို့နယ်၊ ပါကြီးကျေးရွာရှိလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဝေမှုအခြေအနေနှင့် မုံရွာ–ယာကြီး–ကလေးဝလမ်းပေါ်ရှိ တံတားဆောက်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် မုံရွာ–ယာကြီး–ကလေးဝလမ်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လမ်းပိုင်းအလိုက် ပြုပြင်မွမ်းမံမှုများနှင့် လာဘို့–မင်းကင်းလမ်းပိုင်း ပြုပြင်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လမ်းများရာသီမရွေး သွားလာနိုင်ရေး၊ စံချိန်စံညွှန်းမီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီးလိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် လာဘို့စံပြကျေးရွာသို့ရောက်ရှိပြီး ကျေးရွာလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် တိုင်းမှူးသည် မင်းကင်းမြို့သို့ ရောက်ရှိပြီး မြို့နယ်ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးကိုင်းများနှင့် မျိုးစေ့များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးက ကြက်ဆူပျိုးကိုင်းများကို ပျိုးထောင်ပေးပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပျိုးကိုင်းနှင့် မျိုးစေ့များအား တပျော်တပါး စုပေါင်းပျိုးထောင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မင်းကင်းမြို့နယ်၊ မင်းရာဇာခန်းမ၌ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအားတွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖတစ်ဦးက ဒေသအလိုက် လိုအပ်ချက်များကိုရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် မင်းကင်းမြို့ မဟာမင်းကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇဝနအား သွားရောက်ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးသည် မင်းကင်းမြို့နယ်၊ ပြည်သူ့ဆေးရုံခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာများကို ထောက်ပံ့ငွေများပေးအပ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪

အင်အားပြင်းငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မတ် ၂၀

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၀နာရီ ၅မိနစ် စက္ကန့် ၄၀တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၃၀၀ခန့် အကွာရှိ မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း၊ ဘန်ဒါအာချေးမြို့၏ တောင်ဘက် ၁၇၅မိုင်ခန့်အကွာ ပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၁၀–၃–၂၀၀၈

မုံရွာ	၄၁ဒီဂရီ စင်တီဂရိတ် (၁၀၆ဒီဂရီ ဖာရင်ဟိုက်)
မန္တလေး	၄၀ဒီဂရီ စင်တီဂရိတ် (၁၀၄ဒီဂရီ ဖာရင်ဟိုက်)
မင်းဘူး	၄၀ဒီဂရီ စင်တီဂရိတ် (၁၀၄ဒီဂရီ ဖာရင်ဟိုက်)
မကွေး	၄၀ဒီဂရီ စင်တီဂရိတ် (၁၀၄ဒီဂရီ ဖာရင်ဟိုက်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀–၃–၂၀၀၈

ကိုကိုးကျွန်း	၀ ဒသမ ၉၁ လက်မ
ကော့သောင်း	၀ ဒသမ ၅၉ လက်မ
အမ်း	၀ ဒသမ ၁၆ လက်မ
ပြည်	၀ ဒသမ ၁၆ လက်မ
မချမ်းဘော	၀ ဒသမ ၀၈ လက်မ
ပင်လောင်း	၀ ဒသမ ၀၈ လက်မ
ဖျာပုံ	၀ ဒသမ ၀၈ လက်မ

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ